
မြို့လယ်ခေါင်
ချစ်ဦးဝင်
ဒုတိယအကြိမ်

# အခန်း(၁)

ကားသံကြားလိုက်ရကတည်းက 'ထွန်း' လာနေပြီဟု သိလိုက်သည် ။ သို့သော်… ကော်လံချုပ်ရိုး ကောက်မှာ စိုးသဖြင့် လှမ်းမကြည့်မိ။ စက်ကိုသာ တဂျုံးဂျုံး ကုန်းရုန်းနင်းနေမိသည် ။

ကော်လံချုပ်ရိုးပြီးသွားသဖြင့် အနားမှာ ထိုးကျလာသော အရိပ်ပိုင်ရှင်ကို မော့ကြည့်လိုက်သည် ။ ရေမွှေးဆွတ်ထားသော ချွေးသုပ်ပဝါမွှေးမွှကို သူ့အား ကမ်းပေးနေသည့် 'ထွန်း'။

ပြုံးပြလိုက်ရင်း ခေါင်းယမ်းလိုက်သည် ။

'သုတ်လိုက်စမ်းပါဟာ၊ နင့်ကြည့်လိုက်ရင် အမြဲတမ်းချွေးတွေသံတွေနဲ့ ချည်းပဲ'

'နေစမ်းပါ၊ ငါ့မှာ သုတ်စရာရှိပါတယ်'

ခါးကြားမှာ လက်ကိုင်ပဝါကို ဆွဲထုတ်ကာ သုတ်လိုက်သည် ။ ထွန်းက အိမ်ရှေ့ ခါးပန်းပေါင်တွင် ထိုင်လိုက်၏။

'ဆိုပါဦး… ဘာကိတ်'

'ကိစ္စရှိမှ လာရမှာ လား'

'ကိစ္စရှိမှ လာရမယ်လို့ ငါပြောထားတာပဲ၊ ကဲ… ကိစ္စ မရှိရင် ငါဆက်ချုပ်ဦးမယ်နော်'

ပြုံးက စက်ပေါ်မှ အင်္ကျီစကို ပြန်ကိုင်လိုက်သည် ။

ထွန်းက သူ့ အင်္ကျီစကို လုကာ…

‘နေစမ်းပါဦး၊ နင့်စက်သံကြီးနဲ့ စကားပြောရတာ လေကုန်လွန်းလို့ ပါဟာ’

‘ငါ့မှာ အချိန်မရှိဘူးဆိုတာ သိသားနဲ့ ထွန်းရယ်’

ပြုံးက စိတ်လျှော့ကာ စက်ခုံကထလိုက်သည် ။ ထို့နောက် ချုပ်ပြီး သားရှပ်အင်္ကျီတစ်ထည် ကောက်ကိုင်ပြီး ကြယ်သီးတပ်လိုက်သည် ။ ပြောင်လက်နေသော ကြမ်းပြင်ထက်ဝယ်ပြုံးကာ ကျုံ့ကျုံ့ကလေး ထိုင် လိုက်သည် ။ သို့သော်- စက်ချုပ်ထားသဖြင့် ခါးညောင်းနေရာ အိမ်တိုင် ကိုတော့ မှီထားလိုက်သည် ။

‘စီးပွားရေး သောင်းကျန်းလှချည်လား ပြုံးရာ’

‘စီးပွားရေး သောင်းကျန်းတာ မဟုတ်ပါဘူး ထွန်းရယ်၊ ငါ့မှာ က ကျောင်းပိတ်ရက်မှာ များများ လုပ်ထားမှ ကျောင်းဖွင့်ရင် ကုန်ကျစရိတ် အတွက် ပေးနိုင်အောင်လို့ ပေါ့’

ပြုံးရင်ထဲမှ ထွန်းကို စိတ်ဆိုးချင် လာပြီး ပြုံးအကြောင်းသိလျက် သားနဲ့ တမင် စကားရှည်သည် ဟု ထင်လာသည် ။

‘ပူမနေပါနဲ့ ပြုံးရာ…၊ မေမေ့ပြောရင် ရပါတယ်၊ မေမေက နင့်ကို အမြဲတမ်း လိုတဲ့ အကူအညီပြောလို့ ပြောနေတာပဲ၊ နင်ကသာ အခြော က်တိုက် ဘဝင်ကိုင်နေတာ’

‘တော်စမ်း ထွန်း၊ ငါဘယ်တုန်းက သူများ နှာခေါင်းပေါက်နဲ့ အသက် ရှူဖူးလို့ လဲ၊ ငါ့မှာ ခြေလက်အကောင်းပဲ၊ ငါလုပ်နိုင်ပါတယ်၊ အန်တီမိ ကိုတော့ ငါကျေးဇူးတင်ပါတယ် အန်တီမိပေးခဲ့တဲ့ အကူအညီတွေက အ

များကြီးပါဟယ်၊ အဖေဆုံးတုန်းကလည်း -’

ပြုံးငိုချင်လာသည် ။ မူလတန်း ကျောင်းအုပ်ဆရာကြီးဖြစ်သော သူ့ဖခင် ကွန်လွန်သွားသဖြင့် ရွှေတောင်ကြီးပြိုခဲ့ရခြင်းကို ပြန်၍ ပြေးမြင်သည် ။ ပြုံးက ရှစ်တန်း၊ မိုးက ခုနစ်တန်း၊ ငယ်က ခြောက်တန်း။ မောင်နှမသုံးယောက်မှာ ဘာမှ မလုပ်တတ်။ ငိုနေသာ မိခင်ကိုသာ ဖက်ပြီးငိုခဲ့ကြသည် ။ ထွန်းမိခင် ဦးဆောင်ပြီး ရပ်ကွက်အကူမညီ ဆရာဆရာမများ၏ အကူအညီဖြင့် အသုဘစည်ပင်သွားခဲ့ရသည် ။ ထွန်းမိခင် အန်တီမိမိကြီးက ပြုံးမိခင် လှလှကြည်နှင့် ကျောင်းနေဘက်ဖြစ်သည် ။ အချစ်ဆုံး သူငယ်ချင်းဟု လည်း ပြောသည် ။ သို့သော်- ပြုံးပင်မယုံနိုင်။ အန်တီမိသည် တအားချမ်းသာပြီး၊ မေမေ့ကျတော့ ဆင်းရဲသည် ။

‘ပြုံး’

‘အင်…’

‘နင်… ငိုနေသလား’

‘ဟင့်အင်း’

‘နင် မျက်ရည်ကျနေပါတယ်’

‘င့ါအဖေကို သတိရသွားလို့ ပါဟာ၊ ကဲ- နင်ဘယ်ကလာတာလဲ၊ ထမင်းစားပြီးပြီလား’

‘မစားရသေးဘူး၊ မြို့ထဲကလာတာ၊ နွယ်နီကို ဗိုလ်ချုပ်ဈေးပို့ပေးပြီး၊ မေမေမှာ တာ သတိရတာနဲ့ ဒီကို အလျင်ဝင်လာတာ၊ ဆာလိုက်တာဟာ၊ ဘာစားစရာရှိသလဲ ဘာမှ မရှိရင် လက်ဖက်သုပ်ပေးကွာ’

‘ဒီအချိန်ရောက်မှ တော့ ဟင်းကုန်ပြီပေ့ါ၊ ထမင်းတော့ ရှိတယ်’

ပြုံးက ချုပ်လက်စ အင်္ကျီစကိုချလိုက်သည် ။ ထွန်းဆာ လာပြီဆိုလျှင် ပြုံးမနေသာ။ မီးဖိုထဲ ဝင်ခဲ့သည် ။ ထွန်းက နောက်မှ ကပ်ပါလာသည် ။

‘ငါ ဘာလုပ်ပေးရမလဲ’

‘ဘာမှ မလုပ်နဲ့ ၊ မလုပ်တတ်ဘဲနဲ့ များ ၊ အန်တီမိက ဘာမှာ လိုက်လို့လဲ’

‘အုန်းသီးတွေချပြီလား’

‘မနက်ဖြန်မှ ခူးပေးမယ့်လူလာလိမ့်မယ်’

‘ဒါဖြင့် အလုံးနှစ်ဆယ်ယူမယ်၊ ငါးကျပ်နဲ့ ပဲ မဟုတ်လား၊ ရော့တစ်ရာ၊ အပိုတွေဘာတွေလဲထည့်မနေနဲ့ ၊ လျှော့လည်း မလျှော့နဲ့ ၊ သူများရောင်းဈေးပဲ’

‘အမေ့ပေး လိုက်လေ၊ ငါ့လက်တွေပေနေတယ်၊ အမေ့ကိုနင်ပဲသွားပြောလိုက်၊ ဒါပေမဲ့ အန်တီမိ သာသနာပွဲနဲ့ အိမ်တွင်းအတွက်တော့ ကြွက်မြီးတန်းလှလှနဲ့ နှစ်လုံးထည့်ပေးလိုက်မယ်’

‘ဒါဖြင့် တစ်ဆယ်ထပ်ယူ’

‘ဆင်းရဲပေမယ့် စေတနာချမ်းသာပါတယ်ဟ၊ ဘာသာရေးအတွက်တော့ ဒါနလေးပါဝင်ပါရစေ ကိုတိကျရဲ့ ’

ပြုံးထံမှ ထိုကဲ့သို့ အငေါ့လေးကလေးကြားရမှ ကျေနပ်တတ်သော ထွန်းသည် ပြုံးဖြဲဖြဲနှင့် အိမ်ရှေ့ထွက်သွားသည် ။ အိမ်ဘေးအဖီ စာအုပ်အငှားဆိုင်တွေ ထိုင်နေသော အမေ့ထံသို့ သွားပေသည် ။

ပြုံးက ထမင်းကိုဧည့်သည် အတွက် သိမ်းထားတတ်သော ကြွေပန်း

ကန်ပြား၍ ထည့်လိုက်သည် ။ လက်ဖက်သုပ်ကိုလည်း ကြွေပန်းကန်ပြား လတ်လတ်တစ်ချပ်၍ ထည့်သည် ။ ရေနွေးကျက်ကျက်ကို လက်ဖက်ခြောက်ခတ်ကာ သိမ်းထားသော ကြွေအိုးလေးထဲထည့်လိုက်သည် ။ ဆင်းရဲပေမယ့် သပ်ရပ်သန့်ရှင်းစွာ နေတတ်သောအလေ့သည် အဖေ့ထံမှ ပြုံးအမွေရခဲ့သည် ။

ပလက်စတစ်စားပွဲခင်းခင်းထားသော စားပွဲပေါ်တင်လိုက်ပြီး-

'ထွန်းရေ ပြီးပြီဟေ့'

ပြုံးအသံကြားလိုက်သည် နှင့် ထွန်းရောက်လာသည် ။ ပြုံးက ထွန်းစားပွဲဝင်ထိုက်လိုက်စဉ် အိမ်ရှေ့မှ အင်္ကျီများကိုသွားယူပြီး ထွန်းနားပြန်ထိုင်ကာ ကြယ်သီးတပ်သည် ။

'နွယ်နီက သူ့အိမ်မှာ ထမင်းစားဖို့ ခေါ်သား ငါကမစားချင်ဘူး၊ သူတို့ ဟင်းတွေက အသားငါးတွေနဲ့ အဆီအငေါ်မတည့်ဘူး။ အိမ်ဖော်တွေထည့်ပေးတာ ချက်ပေးတာ စားရတာ တစ်ခါတလေ အစိမ်းကြော်ကို ဟင်းသောက်ပန်းကန်နဲ့ ထည့်လို့ ထည့်နဲ့ '

'ဟဲ့… နွယ်နီက နင့်ရည်းစားမဟုတ်လား'

'အေးလေ ဘာဖြစ်လဲ'

'ကိုယ့်ရည်းစားအိမ်ကမကောင်းကြောင်း သူများ လျှောက်ပြောရသလား'

'သူများ ပြောတာမှ မဟုတ်ဘဲ၊ နင့်ကိုပြောတာပဲ'

ထွန်းက ကလေးဆန်သည် ။ သူပြောချင်ရာကို ဘယ်သူ့မှ အားမနာဘဲ ဖွင့်ပြောတတ်သည် ။ ရှေ့နောက် မစဉ်းစားတတ်။ အန်တီမိတို့ ကလည်း တစ်ဦးတည်းသော သားဖြစ်၍ သူ့အပေါ် အချစ်ပုံထားကြသည် ။

‘နင်ကောစားလေဟာ၊ ငါလာစားတာနဲ့ ပုစွန်ခြောက်ကုန်တော့မှာ ပဲ
’

‘နင်ပေးထားတဲ့ ပုစွန်ခြောက်တွေ နို့မှုန့်ဘူးနဲ့ အပြည့်ပါဟယ်၊ စားစ
မ်းပါ’

‘ငါ့တစ်ယောက်တည်းစားရတော့ ပျင်းစရာကြီး၊ လာပါ နေ့လယ်စာ
အဖြစ်စားပါဦး’

ညော့သည် က အိမ်ရှင်ကို ပြန်၍ ဖိတ်ခေါ်နေရာ ပြုံးမှာ ကျေနပ်စေရ
န် လက်ဖက်တစ်ဇွန်း ဝင်စားလိုက်ရသည် ၊ ငရုတ်သီးစိမ်း ကိုက်ပြီးစား
သည့် ထွန်းသည် ရေနွေးပူပူသောက်ကာ ရှူးရှူးရှဲရှဲနှင့် ချွေးများ စို့လာ
သည် ။

‘နင့်ကြည့်လိုက်ရင် ချွေးသံရွှဲရွှဲနဲ့ ရော့… သုတ်ဦး’

ပြုံးက ပြုံးပြုံးကလေးနှင့် သူ့စကားဖြင့် သူ့ကိုပြန်နှက်လိုက်သည် ။
ခါးကြားမှ လက်ကိုင်ပဝါ ကမ်းပေးသည် ။ ထွန်းက အမှုမဲ့အမှတ်မဲ့ ယူ
သုတ်လိုက်သည် ။ ဘုန်းနိမ့်မှာ သူဘာမှ ဇီဇာမကြောင်တတ်။ နှပ်ပါသု
တ်လိုက်သည် ။

‘ဟယ်- သွားပါပြီ’

‘နင် ဘာလို့ ပေးသေးလဲ…၊ တွန့်တိုရင် အစကတည်းက ပေးမသုတ်
နဲ့ ၊ လောကွတ်လုပ်တုန်းကလုပ်ပြီး ခုမှ နှမြောမနေနဲ့ ၊ ရော့…’

ထွန်းက လက်ကိုင်ပဝါနှင့် ပြုံးကိုပေါက်လိုက်သည် ။ ပြုံးရှောင်လို
က်သည် ၊ မလွတ်။ ရင်ခွင်ထဲကျလာသည့် လက်ကိုင်ပဝါကို ဘေးချလို
က်ပြီး…

‘သေနာကောင်’

ပြုံးပြုံးကလေးဆဲလိုက်သည်။ ဒါကိုပဲ ထွန်းက သဘောကျစွာ ရယ်မောလိုက်သည်။

‘ခုမှ စားလို့ ပိုဝင်တော့တယ်’

‘နင့်နွယ်နီအကျီနဲ့ နင်သုတ်ပါလား’

‘ရှံ့စရာကြီး၊ ရေမွှေးဘယ်လောက်ဖုံးဖုံး၊ လက်ပပ်စော်ကနံလို့ ရဲရဲတောင်မဖက်ရဲဘူး’

ပြုံး မျက်နှာရဲသွားကာ-

‘ဟာ... ကောင်စုတ်၊ ဘာတွေလာပြောနေတာလဲ၊ ငါ တိုင်ပြောမယ်’

‘ပြော လိုက်လေ၊ တစ်ယောက်ပြတ်သွားလဲ အေးတာပဲ၊ စူဇန့်ကို ပိုအချိန်ပေးရတာပေ့ါ’

‘ဒါပဲ နင်တို့ ယောကျ်ားတွေဟာ ပိုက်ဆံရှိရင်ပျက်စီးတာပဲ’

‘အေး... ဟုတ်တယ်၊ ယောကျ်ားလေးတွေဟာ ပိုက်ဆံရှိလို့ ပျက်စီးတယ်၊ မိန်းကလေးတွေကျတော့ ပိုက်ဆံမရှိလို့ ပျက်စီးတယ်’

ပြုံး ဆတ်ဆတ်ခါနာသွားသည်။

‘ငထွန်း’

‘ဟာ့... ဟာ့... နင့်ကိုမပြောပါဘူး၊ နင်မှ မပျက်စီးတာ၊ သူ့ကိုစ, တော့ နာတတ်လိုက်တာ၊ တချို့မိန်းကလေးတွေကို ပြောတာပါ’

‘ထွန်း... နင်နော်’

‘စားပါဦးဟာ... ငါတစ်ယောက်တည်း ပြောင်တော့မယ်’

‘ပြောင်ပါစေ နင့်အတွက် သုပ်ထားတာပဲ’

‘သြော်… ငါ့မွေးနေ့ကျရင် နင် လာနေပေးဦးနော်’

‘မေမေ လာမှာ ပေါ့’

‘နင်ပဲလာပါ၊ နန္ဒင်းမကင်းတို့ ကျောက်ကျောတို့ က နင်လှီးပေးတော့ ပိုလှတာပေါ့၊ အန်တီလှက နောက်ဆံတင်ငင်နဲ့ ဖြစ်နေတတ်လို့ ပါနော် … ပြုံး သင်္ကြန်အတက်နေ့ ငါလာခေါ်မယ်’

‘ငါ မအားဘူးဟာ… ရှပ်အင်္ကျီငါးထည် တစ်ရက်ပြီးတာ၊ နင့်ဆီလာရင် နှစ်ရက်စာ လျော့သွားမှာ ’

ထွန်းက ဝုန်းခနဲ ထိုင်ရာမှ ထလိုက်သည် ။ ရှူးရှူးရှားရှားနှင့် -

‘နင်က ငွေကိုပဲ အဓိကထားတယ်ပေါ့၊ ငါ့ခင်မင်မှုကိုတောင် အသိအမှတ်မပြုဘူးလား’

ထွန်း စိတ်ဆိုးသွားမှန်း သိပြန်တော့၊ ပြုံးစိတ်မကောင်းဖြစ်ကာ အလျော့ပေးရသည် ။

‘နင် မနက်ဖြန် အုန်းသီး လာမယူတော့ဘူးလား’

‘မယူဘူး၊ ဦးလေးဘ လာယူခိုင်းလိုက်မယ်’

‘ဒါဖြင့် အတက်နေ့တော့ လာခဲ့ပေါ့၊ နင့်တို့ ရေပက်ခံထွက်ပြီးအပြန်မှ ငါ့ကိုလာခေါ်လေ’

‘အေး- တစ်ရက်နေ့ကျရင် အန်တီလှကို ထမင်းမချက်ခိုင်းနဲ့ နော်၊ ငါ တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်မယ်၊ နင့်ကိုတော့ ညနေမှ ပြန်ပို့မယ်၊ သြော်… မေ့နေလိုက်တာ ခဏနေဦး’

ထွန်းက လှစ်ခနဲ ပျောက်သွားပြန်သည် ။ ပြုံးက ထွန်းစားထားသော ပန်းကန်များကို ဆေးကြောကာ ပန်းကန်စင်၌ ရေစစ်လိုက်သည် ။

ထွန်းက ပြန်ရောက် လာပြီး-

'ရော့… မေမေက ငါ့မွေးနေ့မှာ နင်ဝတ်ဖို့ အတွက် ဝယ်ပေးလိုက်တာ၊ မဝတ်ရင် မေမေရော ငါပါစိတ်ဆိုးမှာ သွားမယ်'

ထွန်းက လက်ထဲမှ အထုတ်ကို စားပွဲပေါ်တင်ပြီး ပြန်ထွက်သွားသည် ။ ပြုံးမှာ စိတ်လှုပ်ရှားစွာ ကျန်ခဲ့သည် ။

ထွန်း ပေးခဲ့သော အထုတ်ကို ယူကြည့်လိုက်သည် ။ စိတ်ညစ်သွားသည် ။ ဘီဘဲလ် ခရမ်းပြာရောင်စနှင့် ဆွစ်ဇာလန်ဇာ ခရမ်းရောင်စ ယိုးဒယားဖိနပ်တစ်ရန်၊ ငိုချင်သွားသည် ။ အဖိုးတန်တွေသူ မဝတ်ချင်ပါ။ သို့သော်- ထွန်းက စေတနာကို မာနနှင့် တန်ဖိုးဖြတ်တယ်ဟု စိတ်ဆိုးပေဦးတော့မည်။

'နင့်ကြောင့် ခက်တယ် ထွန်းရယ်၊ နင်ဟာ နည်းနည်းမှ ကိုယ်ချင်းစာတရား မရှိဘူး၊ အင်းလေ- နင်ကတော့ ဆင်းရဲသားမာနကို ဘယ်သိမလဲ'

ရင်ထဲ၌ သာ ညည်းတွားလိုက်နိုင်သည် ။ အင်္ကျီနှင့် လုံချည်စကိုတော့ ရင်ဝယ်ပိုက်ကာ အိမ်ရှေ့သို့ ယူလာခဲ့သည် ။ အမေ့ကို ပြောပြရပေဦးမည်။ အမေကတော့ ကျေနပ်နေဦးမှာ ပဲ။

***

'ငါ မလိုက်ချင်ဘူး၊ အပြန်မှ လာခေါ်ပါဆို…'

ပြုံးစိတ်ညစ်သွားသည် ။ ထွန်းက အကြော်နဲ့အတက်နေ့ နံနက်ကိုးနာရီကတည်းက ရောက်လာသည် ။

လာပါဟာ… မေမေခေါ်ခိုင်းလိုက်လို့၊ ကြက်သားဟင်းနဲ့ ဆိတ်ကလီစာပါချက်မှာ ၊ နင်နည်းနည်းစီမံပေးပါဦးတဲ့ ၊ လာပါပြုံးရယ် လိမ္မာရဲ့သားနဲ့ ပေးပေး ငါ ဝိုင်းသိမ်းပေးမယ် ငယ်ကော လိုက်ခဲ့ပါလား။

‘ငယ် မလိုက်ပါဘူး ကိုကိုထွန်း၊ မေမေနဲ့ ဆိုင်ကူထွက်ရဦးမယ်’

‘အေး…အေး၊ ဒါဖြင့်လည်း မနက်ဖြန် ကိုကိုထွန်း ပို့ခိုင်းလိုက်မယ်နော်’

‘နွယ်နီတို့ ကော ပါသလား’

‘အင်း- ဟိုအကြီးကော ချုပ်ပြီးပြီလား၊ ယူခဲ့နော်’

‘အေးပါဟာ’

‘နင်က ရှေ့ကပဲစီး၊ နောက်မှာ အကောင်တွေ များ တယ်၊ ရှေ့မှာ ဦးလေးဘမောင်ပဲရှိတာ’

‘နင်ကကော’

‘ငါ နောက်မှာ ပဲစီးမယ်၊ လာကွာ- ပေး’

ပြုံး၏ ဟင်းဘက်အိတ်ကိုဆွဲယူကာ အိမ်ပေါ်မှ ပြေးဆင်းသွားသည် ။ ပြုံးက နှင်းဆီငုံထုပ်နှင့် ဖယောင်းတိုင် အမွှေးတိုင်ထုပ်တို့ ကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ပြီး ခြင်းထဲ ထည့်ဆွဲလိုက်သည် ။

တီတီ… တီတီ။

‘လာပါ ရွှေယောက်မရဲ့၊ ကြာလိုက်တာ’

နွယ်နီက ကားပေါ်မှ လှမ်းအော်သည် ။ သူတို့ သိထားသည် မှာ ပြုံးနှင့် ထွန်းအား မောင်နှမဝမ်းကွဲဟူ၍ ။ ထို့ကြောင့် နွယ်နီက သူ့ကို ရွှေယောက်မဟု ခေါ်သည် ။

‘ လာပြီ၊ အမေ… သမီးသွားမယ်၊ ငယ်စက်ချည်းပဲ သိပ်မချုပ်နဲ့ နော်၊ စိုးကိုလည်း ညဥ့်နက်ထိအောင် မလည်စေပါနဲ့ - အမေရယ်’

တစ်ရက်နှစ်ရက်တာအတွက် မိခင်ကို မှာ ၍ မဆုံးချင်တော့၊ ထွန်းက သူ့လက်ထဲမှ ခြင်းကိုလာလုဆွဲရင်း-

‘အမယ်ကြီးပိုပေါက်စရဲ့ ကြွပါ၊ မှာ လို့ ကို မဆုံးနိုင်ဘူး၊ အန်တီလှ မနက်ဖြန်ညနေမှ ပြန်ပို့ပေးမယ်နော်’

‘အေး… အေး၊ သမီးကလည်း စိတ်ချလက်ချသာလိုက်သွားပါကွယ်၊ ကိုယ့်အဒေါ်အိမ်သွားတာပဲ’

ပြုံးက ကားဆီသို့လှမ်းခဲ့သည် ။ ထွန်းက ခြင်းတောင်းထည့်ပြီး ပြုံးအတွက် တံခါးဖွင့်ပေးထား၏။

‘ဟ- ယောက်မ လာလေကွာ၊ ရေပက်ခံရအောင်’

ပတ်ပလစ်ကား နောက်ဖွင့်ပေါ်၌ ကြွက်စုတ်များကဲ့သို့ ရေများ နှင့် နင့်နေသော နွယ်နီတို့ ကိုကြည့်ပြီး-

‘ကိုယ်… အအေးမခံနိုင်လို့ ပါကွာ၊ နေကောင်းတာ မဟုတ်ဘူး ၊ ကိုရွှေထွန်း မွေးနေ့မို့လို့ လိုက်ရတာ’

‘ကဲ- ဝင်ပါ’

ပြုံး ကားရှေ့ခန်းထဲ ဝင်ထိုင်မိသည် နှင့် ထွန်းက တံခါးကိုဆောင့်ပိတ်ပြီး-

‘ကဲ- မောင်းတော့ ဦးလေးဘရေ’

ပြုံးက နောက်ခန်းသို့ မသိမသာ အကဲခတ်လိုက်သည် ။ ကျောင်းလူသိုက်တွေရော၊ မျက်နှာစိမ်းအချို့ပါ ပါရှိနေသည် ။ ပြုံးက မှန်တံခါးကို

ပိတ်ထားသည် ။ ရေပက်မဏ္ဍပ်အရောက်တွင် မှန်ကိုပုတ်ဖွင့်ခိုင်းသဖြင့် ဖွင့်ပေးရသည် ။ ရေများက အလုံးအရင်းဝင်လာသည် ။ ပြုံးပခုံးကို ဖြန်း ခနဲထိသွားသည် ။

ပြုံး စိတ်ညစ်သွားသည် ။ မှန်ကိုပြန်ပိတ်ရင်း နောက်သို့ကြည့်လိုက် သည် ။

'အို...'

မျက်နှာထူပူသွားသည် ။ မိမိပခုံးကို လက်ဖြင့်ပုတ်သွားသည် ထက် ရှက်သွားသည် ။ နွယ်နီသည် ထွန်းရင်ခွင်၌ တစ်ကိုယ်လုံးနှစ်မြှုပ်နေသ ည် ။ မျက်သုပ်ပဝါကြီးက နှစ်ဦးစလုံးကိုဖုံးထားသည် ။ မျက်နှာက လွတ် နေသည် ။ သူလှမ်းအကြည့်၌ ထွန်းနှာခေါင်းက နွယ်နီ့ပါး၌ အပ်သွားသ ည် ။ ရေလုံးအောက်၌ ပျောက်သွားသည် ။ ပြုံးရင်ထဲ တဒိန်းဒိန်းခုန်ကာ ဒေါသထွက်မိသည် ။

'အရှက်နည်းလိုက်တာ'

ပြုံးနှုတ်ဖျားမှ အမှတ်တမဲ့ ထွက်သွားသည် ။ ဦးလေးဘမောင်က ပြုံးလျက်-

'အေးလေကွယ်... ခုခေတ်ကလေးတွေများ တယ်ခက်တာပဲ-'

'ခေတ်ဆိုတာ လူတွေကဖန်တီးတာပါ ဦးလေးရာ၊ လွန်ကိုလွန်ပါတ ယ်၊ ပြုံးကို အရင်ပို့ပေးနော် ဦးလေး'

'အေးပါ၊ ဒါပေမဲ့ ရေပက်လမ်းကြောကမှ မလွတ်တာ၊ တံခါးတော့ ဖွ င့်ခိုင်းရင် ဖွင့်ပေးရမှာ ပဲ ကလေးမရေ၊ ဦးလေးလည်း ဝဋ်ပဲ၊ ကလေးကို စိတ်မချတာနဲ့ ပဲ လိုက်မောင်းပေးနေရတယ်'

နောက်ထပ် ရေပက်မဏ္ဍပ်ရှေ့ရောက်ပြန်သည် ။ ရေပက်ကြသည် ။

ပြုးရှေ့ခန်းကို ဖွင့်ခိုင်းသည် ။ ဖွင့်ပေးလိုက်သည် ။

'ဖြန်း'

'ဟော့… ဒါ ဘာလုပ်တာလဲ'

ရုတ်တရက် ပြုးအံ့အားသင့်သွားသည် ။ ပြုးပခုံးကို လက်နှင့် ပုတ်တာ 'ထွန်း'မြင်သွားကာ ကားပေါ်မှ လွှားခနဲ ခုန်ချပြီး လက်နှင့် ပုတ်သူကို အင်္ကျီရင်ဘတ်ဆွဲ၍ ဒေါသတကြီး မေးလိုက်သည် ။

'ဟ… ဝေယံထွန်း ညီလေးရာ တောင်းပန်ပါတယ်'

'ရေလောင်းတာ လောင်းပေ့ါကွာ လက်နဲ့ ဘာလို့ ပုတ်သလဲ'

ကြီးကြပ် ခေါင်းဆောင်က ထွန်းဦးလေးစက်ရုံမှ အလုပ်သမားတစ်ဦးဖြစ်နေ၍ ထွန်းကိုဆွဲကာ တောင်းပန်သည် ။ သူ့ဘက်ကလူများ ဝိုင်းလာမှုကိုလည်း ထိန်းသိမ်းလိုက်သည် ။ ဦးလေးဘမောင်ကလည်း ဖျောင်းဖျောင်းဖျဖျ ပြောသဖြင့် ပြေလည်သွားသည် ။ ရန်ပွဲနှင့် ဝေးသွားသည် ။

'တောက်… ဟိုဘက်တိုး'

ထွန်းကတော့ မကျေနပ်သေး၊ ပြုးဘေး၌ ဝင်ထိုင်လိုက်ပြီး တံခါးကို ဆောင့်ပိတ်လိုက်သည် ။ ထို့နောက်-

'ဦးသာအောင်… မနက်ဖြန်လာဖို့ မမေ့နဲ့ နော်၊ အလုပ်သမားတွေပါ ခေါ်ခဲ့၊ ကားကြီးလွှတ်လိုက်မယ်'

'အေး… အေး'

စိတ်ဆိုးပြေချင်တော့လည်း ချက်ချင်းပြေကာ လှမ်းမှာ လိုက်သေးသည် ။ ကားက ဆက်မောင်းလာသည် ။

‘မထျာပ်မဝင်နဲ့ တော့ ဦးလေး၊ အိမ်ပဲမောင်းတော့’

‘နွယ်နီတစ်ယောက်တည်း ထားခဲ့ရသလား’

‘ဘာဖြစ်လဲ၊ ငါ့ရင်ခွင်မဝင်လဲ သူ့မှာ ဝင်စရာရင်ခွင်တွေ ပြည့်လို့ ကြည့်ပါလား’

ပြုံးက အမှတ်မထင်ကြည့်လိုက်သည် ။ ထွန်း ပြောသည့် အတိုင်းပင် ။ နွယ်နီသည် ရင်ခွင်တစ်ခုထဲ ရောက်နေလေပြီ။

‘တွေ့လား... ဟဲဟဲ... မပူပါနဲ့ သူကအရောင်ပြောင်းတတ်တယ်၊ ပုတ်သင်ညိုမလေးလေ’

ပြုံးက အံ့အားသင့်ကာ-

‘နင် သဝန်မတိုဘူးလား’

‘ဘာကိုတိုရမှာ လဲ’

‘နင်တို့ ဟာကလည်း ဟယ် ဘယ်လိုကြီးလဲ’

‘ဒီလိုကြီးပဲ’

ထွန်းက ရယ်မောနေသည် ။ ပြုံးက နားမလည်၊ ပြုံးနားလည်သည်က အချစ်စစ်အချစ်မှန်တို့ မည်သည် ဝန်တိုခြင်းနှင့် မကင်းကြချေ။ ယခု ထွန်းနှင့် နွယ်နီသည် ဘယ်လိုပါလိမ့်။ ပြုံးကတွေးရင်း ထွန်းကိုကြည့်လိုက်သည် ။ ထွန်းကတော့ ပက်ဝန်းကျင်ကိုအားကျစွာ ငေးကြည့်နေသည် ။ ပြုံးရင်ထဲ ထွန်းကိုကြည့်ပြီး-

‘ကလေးလိုပါပဲလား ထွန်းရယ်’

ဝင်ဒါမီယာရှိ ‘ထွန်းဂေဟာ’ရှေ့ ရပ်လိုက်သည် ။ ထွန်းက ကားဟွန်းတီးလိုက်သည် ။ အိမ်ထဲမှ အိမ်ဖော်မလေး တစ်ဦးက ပြေးကြိုသည် ။

'မမပြုံးပါ လာပြီ ကြီးကြီးရေ'

ဝမ်းသာအားရအော်သံက ဟိန်းထွက်လာသည် ။ ထွန်းကမ်းပေးသော ပြုံးပစ္စည်းများကိုယူကာ ပြန်ဝင်သွားသည် ။

'ကဲ... သူငယ်ချင်းတို့ နားကြပါဦးလား'

'မနားတော့ဘူးကွာ၊ ခုမှ ရေပက်ကောင်းတဲ့ အချိန်ကွ၊ ပြန်ထွက်ရအောင် ဒီနေ့တော့ မနားတမ်းပဲ'

'ဦးလေးဘ နားချင်ရင်နေခဲ့လေ'

'မဖြစ်ပါဘူး ဦးလေးလိုက်ပါ့မယ်'

'ဒါဖြင့် သွားကြမယ်၊ ကဲ... ရေကြောက် နေခဲ့တော့'

'ရွှေယောက်မရေ... တာ့တာ'

ပြုံးက လက်ပြရင်းကျန်ခဲ့သည် ။ ထွန်းသည် နောက်ခန်းပြန်ရောက်သွားသည် ။ နှယ်နီသည် ထွန်းရင်ခွင်သို့ ပြန်ရောက်သွားသည် ။

'သမီး... လာလေ၊ ရေစိုတွေလဲလိုက်ပါဦး'

'ဟုတ်ကဲ့... အန်တီမိ'

ပြုံးက အရေးတယူ လာရောက်ခေါ်ငင်သော အန်တီမိနောက်သို့ လိုက်ခဲ့သည် ။ ပြုံးသည် ထွန်းတို့ အိမ်၌ မျက်နှာမငယ်ရ။ အိမ်သားတစ်ဦးကဲ့သို့ပင် ဖြစ်နေသည် ။ အလှူအတန်းရှိလျှင် ပြုံးခြေ ပြုံးလက်သာဖြစ်နေခဲ့သည် ။ အန်တီမိသည် လည်း မရှိဆင်းရဲသားဘဝမှ ထွန်းဖခင်ဦးမြင့်ထွန်းနှင့် လက်ထပ်ပြီး ချမ်းသာကြွယ်ဝလာခြင်းဖြစ်သည် ။ ဘဝမမေ့တတ်ချေ၊ ထို့ကြောင့် သူငယ်ချင်းဖြစ်သူ ပြုံးမိခင်ကိုလည်း တက်နိုင်မျှ အကူအညီပေးသည် ။

'သမီးပြုံး… အန်တီဝယ်ပေးလိုက်တာတွေ ပါရဲ့ လား'

'ပါပါတယ် အန်တီ'

'အေးကွယ်… သားကိုပဲဝယ်ခိုင်းလိုက်ရတယ်၊ အဆင်ပြေလား မသိဘူး'

'ထွန်း ဝယ်လာပေးတာလား အဆင်ပြေပါတယ်၊ သူက ဝယ်တတ်သားပဲ၊ ကဲ… သမီး ဘာလုပ်ပေးရမလဲ အန်တီ'

'ဘာမှ မလုပ်နဲ့ ၊ အန်တီနဲ့ မနက်စာ စားရအောင် လာ'

အန်တီမိက အဝတ်စိုလဲပြီးသွားသော ပြုံးကို ပခုံးဖက်ကာ ခေါ်ဆောင်သွားသဖြင့် ပြုံးကလိုက်ရသည် ။ ပြုံး အန်တီမိကို ချစ်ပါသည် ။ မေမေပြီးလျှင် ပြုံးအချစ်နိုင်ဆုံးမိန်းမသည် အန်တီမိ ဖြစ်ပေသည် ။ သန်းပေါင်းများ စွာ ချမ်းသာသောအန်တီမိလို သူဌေးကတော်သည် မာနမကြီးဘဲ ပြုံးတို့လို လူမျိုးကို ဆက်ဆံနေသည် မှာ ချီးကျူးဖွယ်ကောင်းသည် ဟု ပြုံးမြင်သည် ။ အန်ကယ်မြင့်ထွန်းသည် မိုးကုတ်ကျောက်တွင်းများ နှင့် ရန်ကုန်အိမ်သို့ ကူးချည်သန်းချည် အချိန် ကုန်နေတတ်သည် ။

'လှကိုပါ ခေါ်ခဲ့ရောပေါ့ သမီးရယ်'

'မေမေကလိုက်လို့ မဖြစ်ဘူးအန်တီ၊ စိုးက နည်းနည်းဆိုးချင်တယ်၊ အမေရှိမှ ဖြစ်မှာ ၊ အပေါင်းအသင်းများ ချင်တယ်၊ အိမ်ကိုပစ်ထားလို့ မဖြစ်ဘူး အန်တီရယ်၊ ပြုံးရှိရင်ရှိ ပြုံး မရှိရင် အမေရှိမှ ဖြစ်တာ၊ ပြုံးနဲ့ မေမေ ဘယ်ကိုမှ တွဲထွက်လို့ မရဘူးဖြစ်နေတယ်၊ ထွန်းကလည်း ပြုံးကိုပဲဇွတ်ခေါ်နေတာနဲ့ ပြုံးပဲလိုက်ခဲ့ရတာ'

'ဟုတ်ပါတယ်လေ၊ သမီးပြောတာ ဟုတ်တာပဲ။ ကဲ… စားသမီး၊

မြောင်းမြဘက်ကလာတဲ့ ပုစွန်တုပ်ကြီးလေ၊ သားက ပုစွန်ဆို အကောင်လိုက် ရဲနေအောင်ကြော်ပေးမှ ကြိုက်တာ၊ ကြက်သားလုံးကိုလည်း ကြွပ်ကြွပ်ကလေးကြော်ပေးမှ ၊ ဟင်းက ချေးများ တယ်၊ လက်ဖက်သုပ်တာတောင် ပြုံးသုပ်ပေးတဲ့ လက်ဖက်သုပ်မှ သူက ကြိုက်တာတဲ့ '

'ပြုံးက လက်ဖက်သုပ်ပဲကျွေးနိုင်တာကို အန်တီရယ်၊ ပုစွန်ခြောက်တောင် အန်တီပို့ပေးလို့ ထည့်ပေးနိုင်တာ၊ အဲဒါတောင် သူလာရင်စားဖို့ဆိုပြီး ပုစွန်ခြောက်ကို သီးသန့် ဖယ်ထားရတာ'

ပြုံးက ထွန်းကိုစေတနာရှိပါသည် ။ ထွန်းမိသားစု၏ ကျေးဇူးက ပြုံးတို့ အပေါ်မှာ လျှံ၍ ပင်နေပါသည် ။ ဒါတောင် အမေမပြောပြသော ကျေးဇူးများ လည်း ရှိနေဦးမည်ဟု ပြုံးသိနေသည် ။ ထမင်းစား၍ သိပ်မျိုမကျချင်၊ အိမ်မှာ အမေတို့ သီးစုံကုလားဟင်းနှင့် စားနေရှာပေတော့မည်။

***

'ပြုံးရေ နင်အောင်တယ်၊ ဖိုးဒီကွာ ဟုတ်လား'

ထွန်းက အိမ်ပေါ်သို့ ခုန်ပေါက်ပြေးတက်လာကာ စက်ခုံပေါ်မှ သူ့ကို အတင်းဆွဲယူထစေသည် ။ ပြုံး ရင်ခုန်ကာ လှိုက်ဖိုဝမ်းနည်းသွားသည် ။

'ဟုတ်လား ပျော်လိုက်တာ ပြုံးရာ၊ နင်သွားချင်တဲ့ အမ်စီတော့ ကျန်းသေနေပါပြီ၊ နင်သိပ်တော်တာပဲ'

ထွန်းက ပြုံးလက်မောင်းနှစ်ဖက်ကို မလွှတ်သေး၊ ထွန်းမျက်နှာက ထွန်းလင်းတောက်ပနေသည် ။ ပြုံးက မျက်ရည်များကြားမှ ပြုံးကာ-

'နင်ကော'

ငါတော့ တူးဒီပဲ မက်(စ်)ရယ်၊ ကယ်မယ်စီရယ် နင်က အင်္ဂလိပ်နဲ့ ဖစ်စစ်ပိုတယ်၊ ငါက ဒီဘယ်လောက် ရရလေ၊ ကယ်မယ်စီမေဂျာယူပြီး ကျောင်းပြီးတာနဲ့ ကျောက်တွင်းလုပ်မှာ ပဲ၊ ဒါကြောင့် ခုကတည်းက အားရအောင် ပွေထားရတာ'

'ငါ့လက်လွှတ်ပါဦးဟယ်၊ အမေတို့ ကိုပြောရအောင်'

'ဩော်... အေး ဟုတ်သားပဲ၊ ဟင်... နင့်လက်မောင်းတောင် နီရဲသွားပြီ၊ ဆောရီးပဲ၊ ငါဝမ်းသာလို့ တအားဆုပ်ကိုင်မိသွားတယ်'

ဖြူဥအိထွေးသော ပြုံးလက်မောင်းအိုးနှစ်ဖက်၌ လက်ချောင်းရာကလေးများ ထင်ကျန်သွားသည် ကို ထွန်းက အံ့သြစွာငေးကြည့်ရင်း တောင်းပန်လိုက်သည် ။ ပြုံးကို သူသနားသွားသည် ။ ပြုံးက ဘာမှ မသိဟန်ဖြင့် မသိကျိုးကျွံပြုလျှက်

'မေမေရေ... ငယ်- ပြုံးအောင်တယ်၊ ဖိုးဒီတဲ့ '

'ကြားပ့ါရှင်- ကြားပ့ါ၊ ထွန်း ဒီလောက်အောင်နေတာ တစ်ရပ်ကွက်လုံး ကြားပြီးရောပေ့ါ'

'အဲဒါ ကြားရုံနဲ့ မပြီးဘူး အန်တီလှရေ၊ မေမေက ထွန်းနဲ့ ပြုံး အောင်တဲ့ အထိမ်းအမှတ် အိမ်မှာ ကျွေးမလို့ ပြုံးကို ခေါ်သွားမယ်နော်'

'လုပ်ပြန်ပြီလား ထွန်းရယ်၊ ငါ စိတ်ညစ်ပါတယ်၊ ငါ မအားဘူး၊ နင်ငါစိတ်ညစ်နေတာတွေ မသိဘူးနော်'

ပြုံးရင်ထဲမှ သောကလှိုင်းကြောင့် စောစောက အပျော်မျက်ရည်နေရာ၌ သောကမျက်ရည်က အစားထိုးဝင်ရောက်လာသည် ။ ထွန်းက အံ့အားသင့်သွားကာ-

'ဟင်... ပြုံး နင် ဘာစိတ်ညစ်နေလို့ လဲ'

ထွန်းက ဂရုတစိုက်မေးလေ ပြုံးက ငိုချင်လေဖြစ်ကာ နောက်ဆုံး ကြမ်းပြင်ထက်ထိုင်ချကာ ငိုရင်း မျက်ရည်များကို သုတ်ပစ်လိုက်သည် ။ ထွန်းက သူ့အပါးထိုင်လျက်-

'ရော့'

သူ့လက်ကိုင်ပဝါ ကမ်းပေးသည် ။ ပြုံးက ယူသုတ်လိုက်သည် ။ နှပ်ပါသုတ်ပစ်လိုက်သည် ။ ထွန်းကရယ်လျက်-

'ငါ့လက်ကိုင်ပဝါတော့ နှစ်ပစ်ခံရပြီ'

'သေနာကောင်၊ စိတ်ညစ်ရတဲ့ အထဲ'

'ငါ့လည်း ပြောဦးမှ ပေါ့'

ပြုံးက လက်ကိုင်ပဝါမွေးပွလေးကိုကြည့်ကာ-

'ငါ လျှော်ပြီးမှ ပြန်ပေးမယ်နော်'

'မပေးနဲ့ တော့ ယူထား၊ ဒီနေ့ကစပြီး နင် ငါ့ရှေ့မှာ ငိုတိုင်း ငါ့ချွေးသုတ်ပဝါ နင့်ကိုပေးမယ်၊ နင်က သိမ်းသိမ်းထား၊ ဆယ်တန်းအောင်စာရင်းထွက်တဲ့ အချိန်ကနေ ယောကျ်ားယူတဲ့ အထိ ထွန်းရှေ့မှာ ဘယ်နှစ်ခါငိုခဲ့သလဲ သိရအောင်'

'ယောကျ်ားယူမှ တော့ နင့်ရှေ့ ငါငိုဦးမလားဟဲ့'

'အေး… ဟုတ်သားပဲ၊ မျက်ရည်ကို ယောကျ်ားပုဆိုးနဲ့ သုတ်လိုက်ပေါ့'

'သေနာကောင်နော်၊ နင်ပြန်တော့'

'ပြန်လို့ ဘယ်ဖြစ်မလဲ။ နင့်ကိုခေါ်ခဲ့ရမယ်တဲ့ '

'နင့်အိမ်က နင်အောင်တာ သိချင်မှာ ပေါ့'

‘ငါ ဖုန်းဆက်ပြောပြီးပြီ၊ နင်အောင်တယ်ဆိုလို့ မေမေက ဆုပေးရအောင်ခေါ်ခဲ့ပါတဲ့ ၊ နောက်ပြီး သူငယ်ချင်းတွေနဲ့ အင်းလျားလိပ်မှာ သွားစားကြပါတဲ့ ။ လာပါဟာ၊ ပျော်ပျော်ပါးပါးပေါ့၊ ဒီလိုပျော်ရွှင်မှုမျိုးက တစ်သက်မှာ တစ်ခါပဲရတာ၊ ကဲ… ထ အဝတ်လဲ’

ထွန်းက ချော့ချော့မော့မော့လေးခေါ်သည် ။ ပြုံးက ခေါင်းခါကာ-

‘ထွန်း’

‘ဘာလဲ’

‘ပြုံးမလိုက်ရင် မဖြစ်ဘူးလား’

‘မေမေက ပြုံးကိုဆုပေးချင်နေတယ်၊ ပြုံးမလိုက်ရင် မေမေကိုယ်တိုင် လာပေးလိမ့်မယ်၊ နောက်ပြီး ပြုံးကို ပျော်စေချင်နေတယ်လေ’

ပြုံးဆုံးဖြတ်လိုက်သည် ။ အန်တီမိကို လေးစားစွာဖြင့် လိုက်ရန်ဖြစ်သည် ။

‘ကဲ… ခဏစောင့်’

‘ငါ အန်တီလှတို့ နဲ့ စကားပြောရင်းစောင့်မယ်’

ပြုံးက ခေါင်းညိတ်လိုက်သည် ။ ဇာနက်ပြာရောင် လက်ပြတ်ကလေးနှင့် ကြည်ပြာရောင် ဒူးနားလုံချည်လေးကို ဝတ်လိုက်သည် ။ ပြုံးက လက်ပြတ်ရင်စေ့ အဝတ်များ သည် ။ ပိတ်တစ်ထောင်ကုန်ပြီး ကိုယ်မှာ ချပ်ချပ်ရပ်ရပ်ရှိသဖြင့် ပြုံးဝတ်လေ့ရှိသည် ။ ဆံပင်ကတော့ ထုံးစံအတိုင်းဖားလျားပင်။ ကျောတစ်ဝက်သာရှည်သော ဆံပင်ကို ပြုံးအမြဲတမ်းချထားတတ်သည် ။

မျက်နှာကိုတော့ တို့ ပတ်နှင့် သာ ကောက်ပွတ်လိုက်သည် ။ ဘာမှ မ

လိမ်းတတ်။ သနပ်ခါးရည်ကျဲကလွဲ၍ ပြုံးမျက်နှာမှာ ဘာမှ မထင်။

'လှအိုးကွဲ ပြီးပြီလား၊ ထွက်လာတော့လည်း ဒီအတိုင်းပဲ၊ လိမ်းပါလား၊ မိတ်ကပ်တို့ နှုတ်ခမ်းနီတို့ '

'မလိုပါဘူးဟာ'

'အေးလေ... နင်ကလှပြီးသားပဲ'

ကားပေါ်တက်ထိုင်လိုက်သည် ။ အိမ်ဘေးပတ်ဝန်းကျင်သို့ မျက်လုံးမရောက်စေရန် သတိထားလိုက်ရသည် ။ ပတ်ဝန်းကျင်မျက်လုံးများကသူတို့ ကို ဂရုတစိုက်ကြည့်နေမည်ကို ပြုံးသိနေခြင်းကြောင့် ပင်။

'ပြုံး'

'ဘာလဲဟ'

'နင် ဘာစိတ်ညစ်နေတာလဲ ပြောလေ၊ နင်ဟာ နာမည်နဲ့ မလိုက်တော့ဘူး'

'လိုက်စရာအကြောင်းကို ရှိမှ မရှိဘဲကိုး'

'ဘာဖြစ်လို့ လဲ'

'စိုးကြောင့် ပေါ့'

'စိုး ဘာဖြစ်လို့ လဲ၊ စာမေးပွဲကျလို့ လား'

'ဒါလည်း ပါတယ်၊ နင်သိတယ်မဟုတ်လား၊ ငါတို့ စားဝတ်နေရေးကို'

ထွန်းက ငြိမ်သက်စွာ နားထောင်နေသည် ၊ ကားကို ခပ်မှန်မှန် မောင်းနေသည် ။ ပြုံးက ထွန်း၏ တည်တည် ကြည်ကြည် နားထောင်နေမှုကြောင့် အားတက်ကာ ဆက်၍ ပြောသည် ။

‘ကုန်စုံဆိုင်လေးနဲ့ စာအုပ်အငှားဆိုင်ကရတဲ့ ဝင်ငွေဟာ စားဝတ်နေရေးအတွက်ပဲရတယ်၊ ကျောင်းလခ စာအုပ်ဖိုးက ငါတို့ ညီအစ်မ ခါးချည့်အောင် စက်ချုပ်ပြီး ရှာရတာ၊ နွေဆိုရင် ကျောင်းဖွင့်ရာသီအတွက် ဘယ်လောက်ကုန်းရုန်းပြီး ရှာရတယ်ဆိုတာ နင်လည်း သိပါတာပဲ၊ အဲဒီငွေကို တစ်ပြားမှ မသုံးဘဲ သိမ်းထားပါလျက်နဲ့ မနေ့က မရှိတော့ဘူးလေ၊ ငယ်လည်း မယူ၊ ငါလည်း မယူ၊ အမေလည်း မယူ၊ စိုးကိုမေးရအောင်လည်း စိုး ပြန်မအိပ်ဘူး၊ ညကလည်း ငါတို့ ညီအစ်မငိုရတယ်၊ လောလောဆယ် စိုးနဲ့ ငယ် ကျောင်းစရိတ်က ရှိနေတယ်မဟုတ်လား၊ စိတ်ညစ်တာ ဒါကြောင့် ပါ’

‘ငွေက ဘယ်လောက်မို့လို့ လဲ’

‘ခြောက်ရာ့ငါးဆယ်’

ထွန်းက ရယ်ချင်သွားသည် ။ ခြောက်ရာ့ငါးဆယ်သည် သူသည် နေ့ဖြုန်းမည့် ငွေလောက်ပင်မရှိ။ သို့သော်- မပြုံးရဲ၊ မပြောရဲ။ ပြုံးက သူ့ကို လှောင်သည် ထင်သွားမှာ စိုးရိမ်သည် ။

‘ပြုံးရယ်- ငါရှိနေတာ နင်မေ့နေသလား’

‘ငါ့အကြောင်းလည်း သိသားနဲ့ ထွန်းရယ်၊ ငွေချေးရမှာ ကို သေမလောက် ရှက်တဲ့ သူပါဟာ’

‘ငါက မချေးပါဘူး ပေးမှာ ပါ၊ ဖေဖေရောက်နေတယ်၊ ငါတို့ မအောင်ခင်ကတည်းက အောင်မှာ ပါဆိုပြီး ဒီနေ့… မုန့်ဖိုးဆိုပြီး နှစ်ထောင်ပေးထားတယ်၊ တစ်ထောင်နင်ယူလိုက် ငါတို့ တစ်ထောင်ဖိုးပဲ ဒီနေ့ဖြုန်းမယ်လေ’

‘တော်စမ်းပါ ထွန်းရယ်… အဓိပ္ပာယ်မရှိတာ မပြောနဲ့ ။ ငါ နင့်ကိုခင်

တာ အကူအညီရလိုမှုနဲ့ ခင်တာ မဟုတ်ဘူး ၊ ငါနဲ့ နင်တို့ နဲ့ မေတ္တာသန့်သန့်မှာ ငွေရေးကြေးရေးနဲ့ အရောင်အစွန်း မခံနိုင်ဘူး’

‘ဟ.... သူငယ်ချင်းဆိုတာ တစ်ယောက် အခက်အခဲရှိရင် တစ်ယောက်က ကူညီရမှာ ဒါထုံးစံပဲ၊ နင်ဟာ တစ်ခါတလေ အခြောက်တိုက် ဘဝင်မြင့်နေသလိုပဲ၊ အဓိပ္ပာယ်မရှိဘူး၊ တစ်ဖက်စွန်းရောက်နေပြီ’

‘ပြောချင်လိုပြောတော့ ထွန်း၊ ငါက ကိုယ့်ကိုယ်ကိုပဲအားကိုးတယ်၊ ဆင်းရဲသား မာနပါတာ၊ အဖေမသေခင်ကတည်းက တဖွဖွဆုံးမခဲ့ဖူးတယ်၊ မိမိကိုယ်သာ ကိုးကွယ်ရာတဲ့ ...’

‘သဘော... နင့်သဘော၊ ငါဘာမှ မပြောတတ်တော့ဘူး ငါပေးတဲ့ ငွေ နင်ယူချင်ယူ မယူချင်နေ၊ ငါကတော့ ပေးမှာ ပဲ’

‘နင်ပေးလည်း ငါပြန်ပေးမှာ ပဲ၊ ငါစိတ်ညစ်တာ ဒါမှ မဟုတ်ဘူး ၊ စိုးဟာ ဆေးလိပ်သောက်တတ်နေတော့ ဘိန်းဖြူများ မိနေသလားလို့ ပြန်မလာသေးလို့ ပူတာပါ၊ ငွေက ထပ်ဝင်မှာ ပဲ၊ ခု စက်တစ်လုံး ထပ်ငှားထားတယ် ညီအစ်မနှစ်ယောက် အပြိုင်ချုပ်လိုက်ရင် တစ်ပတ်အတွင်း ငွေကပြန်ရမှာ ပဲ၊ အမေဈေးဖိုးထဲက ဆွဲလို့ လည်း ရပါတယ်၊ ကဲ... ငါ့အတွက် ဘာမှ မတွေးနဲ့ တော့၊ ငါနင့်ကို သောကမျှဝေသလို ဖြစ်သွားတယ်၊ တောင်းပန်ပါတယ်ဟာ’

‘တော်စမ်းပါ’

‘အိန်တီမိကို မပြောနဲ့ နော်၊ အလကားသက်သက် စိတ်ပူနေဦးမယ်’

‘နင့်သဘောချည်းပဲ’

ထွန်းက မျက်နှာညိုပုပ်ပုပ်နှင့် အရှုံးပေးလိုက်သည် ။ ပြုံးက ကျေနပ်သွားသည် ။ သူ့ရင်ထဲ အနည်းငယ် ပေါ့ပါးသွားသည် ။ သောက မျှဝေလို

က်ရ၍ ထင်ပါသည် ။

ထွန်းတို့ အိမ်ရောက်ပြန်တော့ ပြုံးစိတ်ညစ်ရသည် ။ အန်တီမိနှင့် အန်ကယ်က ပြုံးကို ပတ္တမြားလုံးလေးများ နှင့် ပုံဖော်ထားသော စပျစ်ခိုင်ပုံ လော့ကတ်နှင့် ဆွဲကြိုးတစ်ကုံး ဆုအဖြစ်ချသည့် အပြင် ပတ္တမြားကို စိန်ရံထားသော လက်စွပ်တစ်ကွင်းကို အန်တီမိကိုယ်တိုင် စွပ်ပေးသည် ။

'အတော်ပဲ ကိုရေ၊ မိမှန်းရင် လွဲခဲပါတယ်'

တန်ဖိုးအားဖြင့် ဘယ်လောက်တန်မှန်း ပြုံး မခန့်မှန်းတတ်ပါ။

သို့သော်...

'အန်ကယ်ရော အန်တီကိုပါ သမီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သမီး တောင်းပန်ပါရစေ၊ သမီးတို့ အိမ်က မလုံခြုံဘူး၊ အတွင်းရန်ရှိနေတယ်၊ နောက်ပြီး ဘတ်စ်ကားနဲ့ ကျောင်းတက်တဲ့ လူဆိုတော့ ခါးပိုက်နှိုက်လည်း ကြောက်ရတယ်၊ ဒီတော့ သိမ်းထားရလည်း အခက် ဝတ်ထားရလည်း အခက်ဖြစ်နေလို့ ပါ၊ သမီး အန်တီ့တို့ ဆီမှာ ပဲ ပြန်အပ်ထားပါရစေ'

ပြုံးက အသာချွတ်လိုက်ပြီး ဘူးလေးထဲ ပြန်ထည့်လိုက်သည် ။ လူကြီးများ မျက်နှာမကောင်း ဖြစ်သွားသည် ကို ပြုံးက အကဲခတ်မိကာ ရင်ထဲထိခိုက်စွာဖြင့်-

'ပြုံးမောင်နဲ့ ညီမက နည်းနည်းဆိုးချင်တယ်၊ ပြုံးမှာ ဒီလိုပစ္စည်းရှိရင် လွယ်လွယ်နဲ့ ရောင်းခိုင်းနေဦးမှာ စိုးရလို့ ပါ၊ ပြုံးက အန်တီတို့ ပေးတဲ့ လက်ဆောင်ကို အမှတ်တရအဖြစ်ထားချင်တယ်၊ အန်တီပဲ သိမ်းထားပေးပါ၊ စိတ်ချရပြီဆိုတဲ့ အချိန်ကျမှ ပြုံးတောင်းယူပါ့မယ်'

'အေးလေ... သမီးသဘောပါ၊ ကဲ... သားပဲ သိမ်းထားလိုက်ပါသား၊

သမီးလိုချင်ရင် အချိန်မရွေး ထုတ်ပေးလိုက်နော်’

ထွန်းက ဘူးကိုယူကာ အပေါ်ထပ်သို့ တက်သွားသည် ။ ပြုံးအချိုးကို သိနေသဖြင့် စိတ်ထဲကတော့မကျေနပ်။

‘ဒါထက် ငယ်ကကော မလိမ္မာဘူးလား၊ စက်တော့ ချုပ်သားပဲ’

‘စက်ချုပ်ခရတာ သူ့ကို ဝတ်စုံဝယ်ပေးပြီး ချော့ခိုင်းရတာအန်တီ၊ အလှမက်တယ်၊ စိုးက အပေါင်းအသင်းများ တယ်၊ ပြုံးက ရှေ့ကဖြောင့်ဖြောင့်သွားပြတာတောင် နောက်ကဖြောင့်ဖြောင့် မလိုက်ချင်ကြဘူး၊ အဖေဆုံးတာ ပြုံးအတွက်တော့ တကယ့် ရွှေတောင်ကြီးပြိုတာပါ အန်တီရယ်၊ ငွေရေးကြေးရေးထက် အုပ်ထိန်းမှု ကင်းလွတ်သွားတာ သာဆိုးတယ်’

‘ဒါဖြင့်လည်း ဒီဝန်းထဲပဲ ပြောင်းနေကြပါလား’

‘မလုပ်လိုက်ပါနဲ့ အန်ကယ်၊ အန်တီမိပါ နှလုံးရောဂါစွဲသွားပါ့မယ်၊ ပြုံးတို့ ဟိုမှာ ပဲနေပါရစေ၊ အပ်ထည်တွေနဲ့ ဖောက်သည် မပျက်ရအောင်ပါ။

‘အေးပါ... သမီးသဘော၊ ဒါထက် သမီးဆေးတက္ကသိုလ်ဝင်မှာ ပဲမဟုတ်လား’

‘ဝင်မှာ တော့ သေချာပါတယ်၊ ဒါပေမဲ့ အမှတ်သိမှ ပြောနိုင်မှာ ပါ’

‘သမီးအတွက် ဘာမှ မပူနဲ့ စိတ်အေးအေးသာနေ၊ ကဲ... သားတို့ သွားကြတော့၊ နွယ်နီတို့ မိုက်ကယ်ဆို့လုပ်မနေပါနဲ့ ၊ မင်းတို့ နှစ်ယောက်ပဲသွားကြ၊ ဖေဖေ သမ္မတရုံက ဘွတ်ကင်နှစ်စောင် လုပ်ထားတာရှိတယ်၊ မောင်နင်းရှိုး သွားကြည့်ကြ ရော့ရော့’

ထွန်းက ဖခင်ထံမှ လက်မှတ်လှမ်းယူကာ ပြုံးကိုမျက်စပစ်ခေါ်ပြီး-

'သွားမယ်'

ပြုံးက ထွန်းမိဘနှစ်ပါးကိုနှုတ်ဆက်ကာ ထွန်းနောက်လိုက်ခဲ့သည် ။

ပြုံးအတွက် ထွန်းထက် ထွန်းမိဘနှစ်ပါးကို ပိုမိုငဲ့ညှာကျေးဇူး ထောက်ထားရသည် ။ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုလျှင် ပြုံးအတွက်တော့ ဆပ်၍ မကုန်နိုင်အောင် ကျေးဇူးများ နေပြီ။

သက်ပြင်းချကာ ထွန်းကို ငဲ့စောင့်ကြည့်လိုက်သည် ။ ထွန်းကတော့ အတွေးမရှိ အငေးမရှိ လေချွန်ကာ ကားမောင်းလျက်ရှိနေသည် ။

သမ္ဘတရုံက ကားကို မော့ကြည့်လိုက်သည် ။

ပြုံး၏ ဆယ်ကျော်သက်နှလုံးသား တဆတ်ဆတ် ခုန်လျက်ရှိသည် ။

***

ပြုံး ဖုန်းနံပါတ်ကိုလှည့်လိုက်သည် ။ တစ်ခါမှ မဆက်စဖူးဆက်ရသဖြင့် ရင်ခုန်နေသည် ။ ထွန်းနှင့် တိုက်ရိုက်တိုးပါစေဟု ဆုတောင်းလိုက်သည် ။

'ဟယ်လို'

'ထွန်လားဟင်'

'ဟုတ်ပါတယ်၊ ဝေယံထွန်းပါ၊ ပြုံးလား… ပြုံး မဟုတ်လား'

'ဟုတ်ပါတယ် ပြုံးပါ'

'ဘာဖြစ်လို့ လဲ ပြုံး'

'စိုးလေ စိုး... ထွန်း... ထွန်းသာလာခဲ့ပါ၊ ပြုံး ဖုန်းထဲကမပြောချင်ဘူး၊ ထွန်းလာခဲ့နော်'

ထွန်းအသံကြားရသည် မှာ အားတက်သရောရှိသည် ။ ပြုံးစိတ်အေးသွားသည် ။ ဒုက္ခတစ်ခုခုနှင့် ကြုံလာတိုင်း တိုင်ပင်စရာဆိုလို့ ထွန်းတစ်ယောက်ကိုသာ အလျင်ဆုံး သတိရလိုက်သည် ။

ထွန်းသည် ပြုံး၏ အရင်းနှီးဆုံး အကျွမ်းဝင်ဆုံး သူငယ်ချင်းဖြစ်သည် ။ မိန်ကလေးသူငယ်ချင်းများကိုပင် ထွန်းလောက်မခင်။

ထွန်းကလည်း သူ့အတွက်ဆိုလျှင် သူပင် အကူအညီမတောင်းရသေး အဆင်သင့်ဖြစ်နေတတ်သည် ။ ယခုတောင်းရမည့် အကူအညီအတွက် ပြုံးစိတ်မကောင်း။ စိုးကို မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်တွေ့ရှိမှုနှင့် တရားစွဲထားသည် ။ အင်းစိန်ထောင်သို့ ပို့လိုက်သည် ။ ပြုံးအမေကလည်း ထိုသတင်းကိုကြားကတည်းက ဗုန်းဗုန်းလဲသည် ။ ထောင်ဝင်စာသွားတွေ့ရန် ပြုံးမရဲ၊ ထွန်းကိုတိုင်ပင်ရန် ခေါ်ခြင်းဖြစ်သည် ။

တယ်လီဖုန်းကို လမ်းထိပ်ကဆက်ပြီး အိမ်ပြန်ခဲ့သည် ။ အိမ်ရောက်ခါစရှိသေးသည် ထွန်းရောက်လာသည် ။ ဝင်ဒါမီဘာနှင့် တောင်ဥက္ကလာပခရီးကို ဘယ်လိုများ မောင်းနှင်လာသလဲဟု ပြုံးတွေးလိုက်သည် ။

'ကဲ... ဆိုပါဦး'

'ထွန်းရယ်'

ထွန်းက ခရီးရောက်မဆိုက် လှမ်းမေးလိုက်သဖြင့် ပြုံးငိုချင်သွားသည် ။ ထွန်းသည် သူ့အတွက် ဒုက္ခခံဖို့ သက်သက်မွေးဖွားလာသလားဟု ပြုံးက စိတ်မကောင်းဖြစ်သွားခြင်းဖြစ်သည် ။

'လုပ်ပြီ မျက်ရည်ကအလျင်ပဲ'

‘ထွန်းရယ် မဟုတ်ပါဘူး၊ စိုးကို… စိုးကို အင်းစိန်ထောင်မှာ ထိန်းသိမ်းထားတယ်၊ အဲဒါ အာမခံရဖို့ ပြုံး ဘာလုပ်ရမလဲ’

‘ပြုံးရယ် နင့်မှာ လည်း အပူတွေချည်းပါပဲလား’

‘အန်တီလှကကော’

‘အမေ အခန်းထဲမှာ မစားနိုင် မသောက်နိုင်ဖြစ်ပြီး ဖျားနေပြီ၊ ငါ သေချင်တော့တာပဲ’

‘မသေနဲ့ ဦး၊ နင်သေလို့ နင့်မိသားစုက ဖြစ်မှာ မဟုတ်ဘူး ၊ နင်နေခဲ့၊ ငါ ဦးလေးဘနဲ့ တိုင်ပင်ပြီး စီစဉ်လိုက်မယ်၊ ထောင်ဝင်စာ သွားတွေ့ရတာ နင့်လိုမိန်းကလေးမျိုးနဲ့ မတန်ဘူး၊ စိတ်အေးလက်အေးသာနေ”

‘ငွေတွေဘာတွေလိုမှာ ရော့… ယူသွားဦး’

‘ဘာလဲဟ… မလိုပါဘူး၊ အန်တီလှ ဆေးဖိုးထားလိုက်၊ ကဲ… ငါသွားမယ်’

ကားပေါ်တက်လိုက်သော ထွန်းကို ပြုံးက နောက်ဆံငင်ကာ လှမ်းခေါ်လိုက်သည် ။ ထွန်းက သူ့အား မျက်မှောင်ချီကာ…

‘ဘာလဲ’

‘ငါ့ကို အကျိုးအကြောင်းလာပြောဦးနော်၊ ကျေးဇူးတင်ပါတယ် ထွန်းရယ်၊ ငါ့မှာ နင့်ပဲ အားကိုးစရာရှိတာ’

ပြုံးက မျက်ရည်ရစ်ဝိုင်းသော မျက်လုံးအစုံဖြင့် ပြောလိုက်မိရာ ထွန်းက…

‘အေးပေ့ါ… ငါ့ပြောလို့ နင် ဘယ်သူ့ပြောရမှာ လဲ၊ ရော့… မျက်ရည်သုတ်လိုက်၊ သွားမယ်’

ထွန်းက မွေးပွလက်ကိုင်ပါဝါကို ပြုံးပခုံးပေါ် ပစ်တင်ပြီး ကားကို ဂူးခနဲ မောင်းထွက်သွားသည် ။ ပြုံးက ပဝါကိုကိုင်ကာ ငိုင်နေမိသည် ။ သူ့ဆီမှာ ထွန်းပေးသော လက်ကိုင်ပဝါ သုံးထည်ရှိနေပြီ။

ကုန်စုံဆိုင်နဲ့ စာအုပ်ဆိုင်ဘက် သူ လျှောက်လိုက်သည် ၊ ငယ်ရှိနေသည် ။

'ငယ် ထမင်းစားရင်းနဲ့ အမေ့ကိုကြည့်လိုက်၊ စိုးကိစ္စ ထွန်းလုပ်ပေးနေတယ်လို့ လည်း ပြောလိုက်နော်'

'ဟုတ်ကဲ့ မမပြုံး'

ထွန်း ချွေးသုတ်ပဝါဖြင့် မျက်ရည်များကို သုတ်လိုက်သည် ။

ဒုတိယအထည်ရစဥ်အဖြစ်ကို သတိရပြန်တော့ ပြုံး ရင်ခုန်သံ မြန်လာသည် ။ ရုပ်ရှင်ကြည့်စဥ် ချစ်သူနှစ်ဦး ကွဲကွာခန်း၌ ပြုံးမျက်ရည်များသည် တားဆီးမဲ့စွာ ကျလာသည် ။

'ပြုံး'

ထွန်းက ပြုံးလက်ကိုလာဆုပ်ရာ၊ ပြုံး ဆတ်ခနဲ တုန်ယင်သွားသည် ။ ထွန်းက လက်ဖမိုးကို အုပ်မိုးကိုင်ထားသည် ။

'လက်တွေလည်း အေးလို့၊ ဘာဖြစ်နေတာလဲ'

ထွန်းက အမှောင်ထဲမှ ပြုံးမျက်မှာ ကို စေ့စေ့ကြည့်သည် ။ ပြုံးက မျက်ရည်စတွေ မြင်မှာ စိုးလို့ ခေါင်းငုံ့ထားခဲ့သည် ။ ဒါကြောင့် ထွန်းက အားမလိုအားမရ မျက်နှာကို ဆွဲမော့ရန်ကြိုးစားသည် ။ ပြုံး ငိုချင်လာသည် ။ ရင်မှာ ကတုန်ကယင်ဖြစ်ကာ နောက်ဆုံး ထွန်းပခုံးထက် ခေါင်းတင်ကာ ငိုလိုက်သည် ။

'အရှုး… ဘာလို့ ငိုတာလဲ'

'သနားလို့ '

'တိတ်ကွာ… မရှက်ဘူးလား'

ထွန်းက ပြုံးမျက်နှာသို့ သူ့မွေးပွပဝါဖြင့် သုတ်ပေးပြီး ပခုံးထက်မှ အသာဖေးမကာ ဖယ်ရှားလိုက်သည် ။

'အချစ်စစ်အချစ်မှန်တွေရဲ့ လမ်းဟာ ဘယ်တော့မှ မဖြောင့်ဖြူးတတ်ဘူး ပြုံး'

ပြုံးက မျက်ရည်ကို ထွန်းပဝါဖြင့် ဆက်သုတ်သည် ။ ထွန်းက သူ့လက်ကလေးကိုသာ ဆုပ်ကိုင်အားပေးသည် ။ ထွန်းမေတ္တာသန့်စင်မှုကို ပြုံးရင်ထဲမှာ မေ့မရအောင်ပင် တသသဖြစ်နေခဲ့သည် မှာ အမှန်ပင်။ ပြုံး မေ့မရပါ။

မွေးပွလက်ကိုင်ပဝါများ နှင့် အတူ ထွန်း၏ မေတ္တာများက ပြုံးထံ ရောက်ရှိလာတတ်သည် ဟု ပြုံးထင်သည် ။ ထိုသို့ ရောက်လာတိုင်း ပြုံး ထွန်းကို အသနားပိုခဲ့သည် ။ ထွန်းဘဝက 'လိုတရ' ဘဝ မင်းသား။ သို့သော်… ပြုံးကြောင့် သောကမမျှဝေချင်ပါ။ ထွန်းထံသို့ သုခကလွဲပြီး ဒုက္ခများကိုမမျှဝေရက်။ ဤသည် လည်း ပြုံး၏ စေတနာအရင်းခံပင်။ ထွန်းထံ ယခုလို ဒုက္ခပေးလိုက်ရသည် ကိုပင် ပြုံးရင်ထဲ ကြေကွဲလျက်ရှိတတ်သည် ကို ထွန်းသိမည်မထင်၊ ထွန်းသိအောင်လည်း ပြုံးပြောပြတတ်မည်မဟုတ်ပါ။ နောက်ကို ထွန်းအား သောကမမျှဝေတော့ပါဟု ပြုံးဆုံးဖြတ်လိုက်သည် ။

***

‘ပြုံး နင်ကတော့ အမ်စီကို လွတ်လွတ်ကျွတ်ကျွတ် တန်းဝင်နေတာပါ’

အမှတ်စာရင်း သွားထုတ်ကြသည် ။ ပြုံးအမှတ်ကို ထွန်းက အလျှင်ကြည့်ပြီး ပြောလိုက်သည် ။ ပြုံးက ထွန်းစာရွက်ကို ကြည့်လိုက်သည် ။

‘နင်လည်း - အာရ်အိုင်တီ တန်းနေတာပဲ’

‘ဒါပေမဲ့ ငါမသွားဘူး၊ သိတယ်မဟုတ်လား၊ ဘွဲ့ဆိုတာ ဂုဏ်ရှိရုံသက်သက်လောက်ပဲ၊ ငါ့အတွက်က ဘွဲ့မယူလည်း ဖြစ်တာပဲ၊ လုပ်ငန်းက အစဉ်သင့်ရှိနေပြီးသား’

‘အေး- နင့်အနေနဲ့ ကတော့ ဟုတ်တာပေါ့၊ ငါလည်း စာပေးစာယူပဲ တက်တော့မယ်’

‘ဘာ-’

ထွန်းက အံ့အားသင့်စွာဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူ့ကို လှမ်းကြည့်နေသည် ။ ပြုံးက ခပ်ပြုံးပြုံးလေးပဲ…

‘ငါလည်း ငါနဲ့ တန်တဲ့ ဘွဲ့ပဲ ယူတော့မယ်လေ’

‘ပြုံးနော်- နင်- လာစမ်း’

ထွန်းက ပြုံးလက်ကို တအားဆုပ်ကာ တိုင်းစာစစ်ရုံးမှ ဆွဲခေါ်ခဲ့သည် ။ ပြုံးမှာ ထိတ်လန့်တကြား ထွန်းဆွဲခေါ်ရာသို့ ပါခဲ့လေသည် ။

ထွန်းက ပြုံးကို ကားတံခါးဖွင့်ပေးကာ-

‘တက်-’

‘နင် ဘယ်လိုဖြစ်နေတာလဲ ထွန်း’

‘ငါ ဖြစ်တာ မဟုတ်ဘူး နင်- နင်’

ထွန်းက ကားကို ဂူးခနဲ မောင်းထွက်ခဲ့သည် ။ ထွန်းမျက်နှာသည် ခက်ထန်တင်းအာနေသဖြင့် ပြုံးက ငြိမ်နေလိုက်သည် ။ ကရဝိတ်နားရှိ သစ်ပင်ရိပ်၌ ကားကို ထိုးရပ်လိုက်သည် ။ ပြီးတော့… မပြောမဆိုနှင့် ဆင်းသွားပြီး ကန်စပ်ဘေးနားရပ်ကာ ရေထဲသို့ သစ်ကိုင်းခြောက်တစ်ခုကို ကောက်လျက် အဝေးသို့ပစ်ချလိုက်သည် ၊ ဂယက်များ ထသွားပြီးအတန်ကြာမှ လှိုင်းတွန်းကလေးများ ပျက်ပြယ်သွားသည် ။ ထွန်းအပါးသို့ ပြုံးကပ်လိုက်သည် ။

‘ထွန်း’

‘ထွန်းက မထူး’

‘နင်… ဘာမကျေနပ်တာလဲ ထွန်း’

‘နင့်ကို နင့်စိတ်ကို’

‘ငါ ဘာဖြစ်နေလို့ လဲ’

‘အပြောင်းအလဲ မြန်တာ ငါမကြိုက်ဘူး’

ပြုံး ငြိမ်နေလိုက်သည် ။

‘အမ်စီတက်မယ်၊ ကြီးလာရင် ဆရာဝန်ကြီးလုပ်မယ်၊ နယ်က ဆေးရုံမှာ ဆေးသွားကုမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို နင်ပြောင်းပစ်ပြီလား…

‘စာပေးစာယူတက်၊ ဘွဲ့တစ်ခုရရုံနဲ့ တော့ နင် ဒီဘဝကတက်နိုင်မလား၊ စက်ခုံပေါ်က ထရတော့မှာ မဟုတ်ဘူး ’

ထွန်းပြောသမျှကိုသာ ပြုံးငေးရင်း နားထောင်နေသည် ။ ပြုံးရင်ထဲမှာ ပြောစရာတွေအပြည့်။

‘ဘာဖြစ်လို့ လဲ ရည်ရွယ်ချက် ပြောင်းလိုက်ရတာလဲ၊ ဆေးအမ်စီတက်ဖို့ ငွေမရှိလို့ လား၊ မေမေတို့ က အကုန်လုံး တာဝန်ယူထားပြီးနေပြီပဲ၊ နင် ဘာပူနေသလဲ၊ နင့်မာနက တစ်ဖက်စွန်းကို ရောက်နေပြီလို့ ငါထင်တယ်၊ ဘာလဲ နင်က တလွဲတွေးပြီး ပြန်ဆပ်ရမယ့် အတိုးအရင်းအတွက် လန့်နေတာလား၊ စိတ်သာချ၊ ဒီမှာ ပြုံး... ငါ့ကိုကြည့်စမ်း’

ပြုံးက ထွန်းကို မရဲတရဲ မော့ကြည့်လိုက်သည် ။ ထွန်းမျက်နှာသည် ခက်ထန်နေသည် ။ တင်းနေသော မျက်နှာကြောများ ပြတ်ထွက်သွားလေမလားဟု ပြုံးက စိုးထိတ်စွာ တွေးလိုက်မိသည် ။

ထွန်းက သူ့အားဖြင့် ပြုံးလက်မောင်းရင်းနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ထားပြီး လှုပ်ယမ်းကာ-

‘နင့်ရည်မှန်းချက်ကို မာနနဲ့ လဲမလို့ လား၊ ငါတို့ အထောက်အပံ့ မယူချင်ရအောင် နင့်အလှည့်ကျရင် ကျေးဇူးပြန်ဆပ်ရမှာ ကြောက်လို့ လား၊ ဒီမှာ နင့်ကိုငါ အကြွေးနဲ့ လည်း မသိမ်းဘူး...။ မေမေတို့ က နင့်ကိုသမီးတော်ချင်တယ်၊ မတော်ရလည်း သမီးလိုပဲသဘောထားပြီး ချစ်နေမှာ ပဲ၊ ဒါကို နင်မကျေနပ်ရင် ရပါတယ်၊ နင့်သဘောနဲ့ နင်ပဲ၊ ခုဆိုရင် နင့်အမေ နှလုံးရောဂါက ဆေးဖိုးအတွက် နင့်မောင်အတွက် ထောင်ဝင်စာသွားတွေ့တဲ့ အခါ ကုန်ကျစရိတ်၊ နင် ဘယ်လောက်ရုန်းကန်နိုင်မလဲ၊ ကဲ- ပြောစမ်း၊ မိန်းမတွေက ပိုက်ဆံ မရှိရင် ပျက်စီးတတ်တယ်၊ နင် ပျက်စီးချင်လို့ လား၊ လူတစ်ဦးတစ်ယောက်ကို ကျေးဇူးတင်ရမှာ ကြောက်ပြီး နင့်ဘဝကို အနစ်မွှန်းခံမလို့ လား၊ ငါတို့ ကိုကျေးဇူးတင်ရမှာ နင် တော်တော်ကြောက်သလား... ပြောစမ်း’

‘မဟုတ်ပါဘူးထွန်းရယ်၊ ငါလေ- ငါနင့်ကိုဒုက္ခမပေးချင်တော့လို့ ပါ’

ပြုံးထွန်းကိုတော်တော်လန့်သွားသည် ။ ထွန်း ဒေါသကြီးပုံကို အခုမှ

မြင်တွေ့ရသဖြင့် ကြောက်လည်း ကြောက် ငိုလည်း ငိုချင် စိတ်လည်း ထိခိုက်ကာ မျက်ရည်တာ ကျိုးထွက်သွားသည် ။

ထွန်းက သက်ပြင်းချကာ ပြုံးလက်မောင်းထက်မှ လက်နှစ်ဖက်ကို ပြန်၍ ရုပ်သိမ်းလိုက်သည် ။ မြက်ခင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ။

'ငါ့ကိုမှ အကူအညီမတောင်းရင် နင် ဘယ်သူ့ဆီကများ တောင်းချင်သေးလို့ လဲ ပြုံးရာ၊ နင်ဟာ မြဲစိစိနဲ့ ငါမကြိုက်ဘူး၊ ဒါ ငါ့ကိုဒုက္ခပေးတာ မဟုတ်ဘူး ၊ နင့်ကိုထောက်ပံ့ရတဲ့ တစ်လစာငွေလောက်ဟာ ငါ့တစ်ရက်စာ မုန့်ဖိုးလောက်ပဲရှိတယ်၊ ငါတို့ မှာ ဘာမှ အကျိုးယုတ်မသွားဘူး၊ ကုသိုလ်တောင် တိုးလာသေးတယ်၊ ပညာဒါန ကူညီဖြည့်ဆည်းပေးတာပါ ပြုံးရယ်၊ နင်နားလည်စမ်းပါ၊ မေမေတို့ ရဲ့ စေတနာကိုလည်း နင့်ဆင်းရဲသားမာနနဲ့ မရိုက်ချိုးလိုက်ပါနဲ့ ငါတောင်းပန်ပါတယ်နော်... ပြုံးမငိုပါနဲ့ ဟာ'

ပြုံးက ထွန်းဘေး၌ ဒူးထောက်လျက်သားထိုင်လိုက်သည် ။ မျက်ရည်ကမစဲ၊ ထွန်းက သူ့ဘောင်းဘီအိတ်မှ လက်ကိုင်ပဝါကိုထုတ်ကာ ပြုံးအားပေးလိုက်သည် ။ ပြုံးမှာ ထွန်းလက်ကိုင်ပဝါကို လိုလားစွာယူရင်းမျက်ရည်သုတ်လိုက်သည် ။ နောက်ပြုံးလိုက်ရင်း-

'နင့်လက်ကိုင်ပဝါတွေ စ,ရကတည်းက နင့်ရှေ့မှာ အမြဲငိုနေရတယ်၊ ဒါပါနဲ့ ဆို လေးထည်ရှိသွားပြီ၊ နောက်ထပ် မငိုတော့ဘူးဟာ နင်ပေးတဲ့အကူအညီ ငါယူမယ်'

'ငါပေးတာမဟုတ်ပါဘူး၊ မေမေတို့ ပေးတာ၊ ငါ့မှာ မုန့်ဖိုးကလွဲပြီးကိုယ်ပိုင်ဝင်ငွေ တစ်ပြားမှ မရှိသေးဘူး၊ ငါ့ငွေဆိုရင် ဒီလောက်မာနကြီးနေတဲ့ နင့်ကိုမပေးဘူး၊ သူတောင်းစားပဲလှူလိုက်မယ်'

ပြုံးရင်ထဲ နာကျင်သွားသည် ။ မျက်ရည်က ချက်ချင်းဝိုင်းလာကာ-

'အေးလေ… နင်က ငါ့ကို သူတောင်းစားလောက်တောင် စေတနာမထားထိုက်ပါဘူး'

'တော်စမ်းပါ၊ ဒီမျက်ရည်ကဝဲရပြန်ပြီ၊ ကဲ… ထ ပြန်မယ်၊ မနက်ဖြန်နင့်အိမ်ကို မေမေလာလိမ့်မယ်၊ မေမေပေးတဲ့ အကူအညီမှန်သမျှ နင့်လက်ခံရမယ် ဒါပဲ၊ ထလေဟာ'

ထွန်းက ပြုံးထံသို့ လက်ကမ်းပေးလိုက်သည် ။ ပြုံးက ထွန်းလက်ကို အားယူထလိုက်သည် ။ ထွန်းကပြုံးလက်ကို အသည်းယားစွာ ဖျစ်ညှစ်လိုက်သည် ။ ပြုံးက ထွန်းကိုမော့ကြည့်လိုက်သောအခါ ထွန်းကပြုံးပြပြီး-

'အားမငယ်ပါနဲ့ ပြုံးရယ်၊ ငါလေ နင့်ကို ဂျူတီကုတ်နဲ့ နားကြပ်နဲ့ မြင်ချင်ပါတယ်၊ နင့်ကရုဏာမျက်လုံး၊ ကရုဏာနှုတ်ခမ်းလေးတွေက လူနာအပေါ် ပျော့ပျောင်းစွာ ဆက်ဆံနေတာကို ငါ ကြားချင်မြင်ချင်တယ်၊ ကြိုးစားနော်… ပြုံး၊ စက်ခုံမှာ ချည်းပဲ အညောင်းမထိုင်နဲ့ ၊ ငယ့်အတွက်ပါ ကျောင်းစရိတ်ပေးမယ်'

ကားဆီသို့လျှောက်ရင်း ထွန်းက အားပေးစကားပြောသဖြင့် ပြုံးရင်၌ အေးချမ်းသွားသည် ။ ထွန်းကို ကျေးဇူးတင်စိတ်ဖြင့် ပြုံး ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည် ။

'မေမေတို့ က လေးနှစ်ပဲ၊ ကျန်တဲ့ နှစ်အပိုင်းအခြားကို ငါမိုးကုတ်ကနေ ငါ့လုပ်အားနဲ့ ရတာ နင့်ကိုပေးမယ်၊ မငြင်းရဘူး၊ ငြင်းရင် ဒါကြည့်ထား'

ထွန်းက ပြုံးကိုလက်တွဲဖြုတ်ပြီး လက်သီးကိုကျစ်ကျစ်ပါအောင် ဆု

ပ်လျက် ပြုံးမျက်နှာနားကပ်ပြသည် ။

ပြုံးက ကြောက်ရွံ့လာဟန်ဖြင့် ပခုံးတွန့်ပြလိုက်ရင်း-

'အမလေးလေး ကြောက်စရာကြီးပါလား'

'ငါနော် တကယ်ဆွဲထိုးမှာ မိန်းကလေးတွေဘာတွေ နားမလည်ဘူး'

ထွန်းက ပြုံးပခုံးကိုဖွဖွထိုးပြီး မချင့်မရဲ ကြိမ်းဝါးလိုက်သည် ။ ထွန်းလက်သီးက ဖွဖွလေးဖြစ်သော်လည်း ပြုံးနာသွားသည် ။

'အာ... နာတယ် ကောင်စုတ်ရဲ့ '

'နာပါစေ၊ နာအောင်လုပ်တာပဲ'

ပုံမှန်အနေအထားသို့ ပြန်ရောက်သွားကြသည် ။ ကားထဲဝင်ထိုင်လိုက်သည် ။

ကဲ... ကရဝိတ်မှာ တစ်ခုခုစားမယ်၊ ဒီနေ့ကစပြီး ငါတို့ ပေးတဲ့ အကူအညီမှန်သမျှ မငြင်းဆန်တော့ပါဘူးဆိုတဲ့ ကတိရတဲ့ အထိမ်းအမှတ်ပေါ့၊ ငါစိတ်ချမ်းသာအောင် အဲဒီကတိပေးပါလား ပြုံးရာ၊ ဒါမှ ငါလည်း ကျောင်းမှာ လွတ်လွတ်လပ်လပ် ပွေနိုင်မှာ '

'ဘာဆိုင်လို့ လဲ'

'ဆိုင်တာပေါ့၊ နင့်အတွက် နောက်ဆံတင်းရရင် ငါ့အီစီကလီတွေနဲ့ လိမ့်နေချိန်တွေက ဖွဲဖွဲပြီး နင့်ဆီပြေးလာရလို့ အချိန်ကုန်တယ်၊ နင့်အတွက်မပူရတော့ရင် ငါလည်း စိတ်အေးအေးနဲ့ လိမ့်ချင်တိုင်းလိမ့်ရတာပေါ့'

'သတိထားနော်၊ လည်လွန်တဲ့ ဘီးချေးသင့်တတ်တယ်'

'ပိုင်ပါတယ်၊ အရှောင်အတိမ်းကျွမ်းပြီးသား၊ အံမယ်... မိလည်မကျ

နဲ့ ပေးလေ ကတိ- ကတိ’

‘ပေးပါတယ်၊ ဒါပေမဲ့ ငါ့ဆီမလာဘဲနဲ့ တော့ မနေပါနဲ့ ဟာ၊ နင်မလာ ရင် ငါသတိရနေတတ်လို့ ပါဟာ’

ထွန်းမျက်နှာဝင်းပကာ-

‘တကယ်လား မရွှေပြုံးရယ်၊ နင်လာရင် ငါအလုပ်ပျက်တယ်လို့ နင် ထုတ်နေတတ်ပြီးတော့များ ’

‘စိတ်ထဲပါလို့ မှ မဟုတ်တာ၊ နင့်ကိုငါ ပြုံပြုံစူစူလုပ်ဖူးလို့ လား’

‘မလုပ်ပါဘူး နင်သုပ်ပေးတဲ့ လက်ဖက်သုပ်မျိုး ဘယ်သူ့ကိုမှ သုပ်ခိုင်းလို့ မရပါဘူး၊ ငါလာတဲ့ အခါတော့ လက်ဖက်သုပ်ကျွေးဖို့ မမေ့ ရင် တော်ပါပြီ၊ စာကျက်ပျက်တယ်ဆိုပြီးတော့ မနှင်နဲ့ နော်’

‘ဒါတော့ ကတိမပေးနိုင်ဘူး၊ စာကျက်ချိန်လာရင်တော့ နှင်မှာ ပဲ’

‘ခွေးမစုတ်’

ပြုံးရင်ထဲ ကြည်နူးသွားသည် ။ တဒင်္ဂအားဖြင့်တော့ အိမ်ရာထဲလဲ နေသော မိခင်၊ ထောင်သားအဖြစ် ရွှေသူဌေးသို့ ရောက်နေသောစိုး၊ အ တွဲနှင့် မိသဖြင့် ဆူပူထားရသော ငယ် ကိစ္စတို့ ပါ မေ့ပျောက်သွားသည် ။

ထွန်းသည် သူ့ဘဝ၏ အလင်းရောင်မှန်း ပြုံး နားလည်ပါသည် ။

‘ကျေးဇူးတင်ပါတယ် ထွန်းရယ်၊ ငါ့ဘဝအတွက် အဖော်ကိုယ်စား နင် ရောက်လာသလားလို့ တောင် အောက်မေ့မိတယ်’

‘အမလေးလေး… ကြက်သီးထစရာ စကားကြီးပါလား…’

ထွန်းက ပခုံးတွန့်ကာ ရယ်မောလိုက်သည် ။ ထွန်း၏ နုဝင်းနေသော အသားအရေ၊ ဘာမှ မလုပ်ကိုင်ရသဖြင့် သူ့လက်များ ထက်ပင် နုနေ

သော ထွန်း၏ လက်ချောင်းများကိုငေးရင်း ပြုံးရယ်မောလိုက်သည် ။

‘ပြုံး’

‘ပြောလေ’

‘ငါဟာ နင့်အတွက်သက်သက်များ လူ့လောကကိုရောက်လာသလား မသိဘူးနော်’

အဓိပ္ပာယ်ကို လေးလေးနက်နက် ပြုံးမတွေးမိ။ ထွန်းကလည်း သူ့စကား၏ အဓိပ္ပာယ်ကို အရင်းမစစ် ပြောချင်ရာပြောပြီး လေချွန်ကာ ရှေ့တိုးရပ်လိုက်သည် ။

ပြုံးက ထွန်းကိုကြည့်ရင်း ရင်ထဲမှ ညည်းတွားမိသည် ။

***

‘ထွန်းရယ်’

သူ့ကားသံကြားလိုက်ကတည်းက ပြုံးမီးဖိုထဲ ဝင်ခဲ့သည် ။ သုံးလေးလနီးပါး ပျောက်နေတတ်သော ထွန်းအပေါ် ပြုံးမကျေနပ်နိုင်ပါ၊ တစ်ခါတစ်ရံ သူ့ကားပေါ်မှာ မိန်းကလေးအပြည့်နှင့် တွေ့ရတတ်သည် ။ ပြုံးကိုလည်း သူ့ကားနှင့် လိုက်ရန်မခေါ်။ ခေါ်သည့် အခါလည်း ပြုံးမလိုက်။ သူ့ကားပေါ်မှ မိန်းကလေးများ သည် အရောင်အမျိုးမျိုး ပြောင်းနေတတ်သဖြင့် ပြုံးပင် မမှတ်မိတတ်တော့။

‘ခွေးမစုတ် ဘာလုပ်နေတာလဲ၊ ငါလာတာတောင် ထွက်မလာဘူး’

‘ထွက်မလာအားဘူးဟေ့၊ ဒီမှာ လက်ဖက်သုပ်နေတာ မမြင်ဘူးလား၊ တော်ပဲ စားချင်လို့ လာတာ မဟုတ်လား’

'ဒီလိုတော့လည်း သိသားပဲ၊ မနေ့က နင် ငါ့ကို စိတ်ဆိုးသွားသလား'

ထွန်းက ဖင်ထိုင်ခုံတစ်ခု ဆွဲယူထိုင်၍ မေးလိုက်သည် ။ ပြုံးက ကြက်သွန်လှီးရင်းမှ -

'ဘာဖြစ်တာလဲ၊ နင့်ကားပေါ်မှာ မိန်းမတွေ အပြည့်နဲ့ မို့လို့ ငါ့ကိုမခေါ်တာ ငါသိသားပဲ၊ စိတ်မဆိုးပါဘူး'

'တော်ပါသေးရဲ့ ၊ ငါကနင်များ စိတ်ဆိုးသွားသလားလို့ ၊ ငါက နင့်ကို ငါ့ကားပေါ် မတင်ချင်တော့ဘူး'

'ဘာဖြစ်လို့ လဲ'

'နင်က သန့်စင်တယ်၊ ဘာမှ အပြစ်အနာအဆာ မရှိတဲ့ မိန်းမ၊ ဆင်းရဲတာတစ်ခုကလွဲရင် နင့်အနေအထိုင် နင့်အပြုအမူအားလုံးဟာ မြင့်မြတ်တယ် ငါ့ကားလို တွေ့ကရာမိန်းကလေးတင်တဲ့ ကားနဲ့ နင်လိုက်ဖို့ မကောင်းဘူး၊ နင့်ကိုပါ အဲဒီလိုအတန်းအစားထင်သွားမှာ ငါစိုးတယ်'

'နင်ကလည်း ဟာ... ဘာလို့ အဲလိုဟာတွေ ထင်ရတာလဲ'

'ငါ့သူငယ်ချင်းတွေရဲ့ ပါတနာပါ'

'နွယ်နီတို့ စူဇန်တို့ နဲ့ ပြတ်သွားပြီလား'

'ကြာလှပြီ'

'နင် ရည်းစားဘယ်နှယောက်ရှိပြီလဲ'

'သက်စေ့လေ၊ ရည်းစားသက်စေ့ ပြောင်းခဲ့ပြီ၊ နင်ကော'

'ပေါက်ပေါက်ရှာရှာ'

ပြုံးမျက်နှာ ရဲသွားသည် ။ 'အချစ်'ဟူသော စကားသည် ပြုံးအတွက် မဟုတ်သကဲ့သို့ ဖြစ်နေသည် ။ စိုး ထောင်ကလွတ် လာပြီးနောက် ဝပ်

ရှော့တစ်ခု၌ ပညာသင်အဖြစ် ထားပေးသည် ။ ဆေးလိပ်ကတော့ အသောက်မပျက်။ ပင်ပန်းသည် ဆိုကာ အရက်ကလေးဖက်သဖြင့် သားဆိုးအတွက် အမေက နာလန်မထူနိုင်၊ ငယ်ကလည်း ဆယ်တန်းနှစ်နှစ်ကျပြီ။ အတွဲက ဘွဲ့ရစာရေးတစ်ဦး၊ လက်ထပ်ပေးဖို့ ပူဆာနေပြီ။ အတွေးများက အဆက်မပြတ် ဝင်လာသဖြင့် ပြုံးမျက်နှာညှိုးသွားသည် ။

'ဘာဖြစ်ရပြန်ပြီလဲ'

ခရမ်းချဉ်သီးကို အရည်ညစ်ပြီး ခပ်ပါးပါး၊ လှီးနေသော ပြုံးက-

'ဘာမှ မဟုတ်ပါဘူး၊ နင် ဒီနှစ် နောက်ဆုံးနှစ်နော်'

'အေးလေ... ဖြေပြီးတာနဲ့ ဒီကအတွဲတွေဖြတ်၊ မိုးကုတ်ကိုသွား၊ စီးပွားရေးနယ်ထဲ ခြေစုံပစ်ဝင်တော့မယ်၊ နင်လိုက်လည်မလား'

'ငါ အားမှာ မဟုတ်ပါဘူး'

လက်ဖက်အသား၊ ပုစွန်ခြောက်၊ လှီးထားပြီးသော ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်၊ ဂေါ်ဖီတို့ နှင့် နှမ်း၊ မြေပဲ၊ ကြက်သွန်ဖြူကြော်တို့ကို နယ်လိုက်သည် ။ ထွန်းကားငေးရင်း...

'နင့်လက်က သန့်ရဲ့ လားဟင်၊ လူနာတွေရဲ့ ဟိုဟာဒီဟာတွေကိုင်နဲ့၊ လက်စင်အောင် ဆေးရဲ့ လား'

'မစားချင်နေ၊ စကားမများ နဲ့ '

'ဒေါနချည်းပဲ စံပယ်လေး မရဘူးလား'

ထွန်းကစသည် ။ ထွန်း၏ နောက်ပြောင်သံကြားမှ ပြုံးလည်း နေသာထိုင်သာရှိသည် ။ သုပ်ပြီးသားလက်ဖက်ကို ဇွန်းတစ်ဇွန်းယူပြီး ခပ်စားလိုက်သည် ။

'ထမင်းယူဦးမလား'

'ထမင်းစားခဲ့ပြီ၊ နင့်ဆီတမင်လာတာ၊ မေးစရာလည်း ရှိနေလို့ '

'ဘာများ လဲ ထွန်းရယ်'

'ငယ်တို့ အတွဲကို ရုပ်ရှင်ရုံမှာ တွေ့လိုက်တယ်၊ သိပ်တော့ဖြစ်နေပြီ မလွယ်ဘူး'

ပြုံးမျက်မှာ ထူပူသွားသည် ၊ ထွန်းကတော့ ထိုစကားမျိုးကို ထမင်းစားရေသောက်ပမာ ပြောလိုက်သော်လည်း ပြုံးမှာ ရှက်စိတ်ဖြင့် ထူပူကာ ထွန်းကိုပင် ရဲရဲမကြည့်ရဲတော့။

'အေးလေ... သူတို့ ယူချင်နေကြပြီ၊ ယူရင် အိမ်ခွဲနေလို့ ရမှာ မှ မဟုတ်တာ၊ အိမ်ပေါ်မှာ ပဲ ရောက်လာမှာ ၊ ငါမနေချင်ဘူး၊ ဒါကြောင့် ငါကျောင်းပြီးအောင်စောင့်ပါဦးလို့ တားထားရတာ'

'ဘာဖြစ်လဲဟ၊ ပေးစားလိုက်ပေါ့ နင် ဝဋ်လည်နေဦးမယ်၊ အိမ်ဘေးမှာ အဖီထုတ်ပေးလိုက်ပေါ့ဟာ၊ ငါ လက်သမား လွှတ်ပေးမယ်လေ၊ သစ်တွေ သစ်ခွရုံဆောက်တုန်းကပိုနေတာ ဂိုဒေါင်ထဲမှာ ရှိနေတယ်၊ ထည့်ပေးလိုက်မယ်၊ ဒါမျိုးဆိုတာ ကြာရှည်ဆွဲထားလို့ မကောင်းဘူး၊ နာစရာရှိရင်... မိန်းကလေးဘက်က နစ်နာမှာ ၊ သူတို့ အခြေအနေက မလွယ်ဘူး မိပြုံးရဲ့ အရမ်းကိုဟော့နေတာ၊ မြန်မြန်ပေးစားလိုက်တာ အေးမယ်၊ တော်ကြာ... နင့်ခေါင်းပေါ် ပုံကျလာဦးမှာ '

ပြုံး သဘောပေါက်ပါသည် ။ ထွန်းဆိုလိုရင်းကို ပြုံးနားလည်သဖြင့် ခေါင်းညိတ်ကာ...

'အင်းလေ အကျဉ်းချုံးပြီး မင်္ဂလာဆွမ်း ကျွေးလိုက်တာပေါ့၊ သူ့ကောင်လေးက စာပေးစာယူနဲ့ ဒီနှစ်ပဲ ကျောင်းပြီးသွားတာ၊ နယ်ကပဲ အော

က်တန်းစာရေးလေးပဲ’

‘ရည်ရည်မွန်မွန်ပုံပါပဲ၊ ငယ်ကလည်း နင့်လောက်နီးနီး အိမ်တွင်းမှုလည်း နိုင်တာပဲ၊ နောက်တော့… နားလည်လာမှာ ပါ၊ စိုးကော အလုပ်မှန်မှန်ဆင်းရဲ့ လား’

‘ဆင်းပါတယ် ဒါပေမဲ့… အရက် သောက်တတ်နေပြီလေ’

‘ဒီကောင်က မလွယ်ဘူး’

‘နင်ကော သောက်တတ်လား’

‘ဟင့်အင်း… အနံ့တောင်ခံလို့ မရဘူး၊ နောက်ပြီး ငါကမူးယစ်တဲ့ အရသာကို မကြိုက်ဘူး၊ အခါးမကြိုက်တာလည်း နင်သိသားပဲ’

‘လက်ဖက်ကျတော့ စားနေပြီး’

‘နင့်လက်ဖက်က ခါးမှ မခါးတာ’

လက်ဖက်တစ်ဇွန်းစားပြီး ရေနွေး သောက်လိုက်သည် ။ ထွန်းနားထင်စပ်မှ ချွေးများ သီးလာသည် ။ ပြုံးက သူ့လက်ကိုင်ပဝါကို ကမ်းပေးတော့ ထွန်းက ခေါင်းခါသည် ။

‘နင့်ကို ငါ နည်းနည်း ရွံ့ လာပြီ၊ နင်က ဟိုဟာ ဒီဟာကိုင်ပြီး လက်ကိုင်ပဝါသုတ်ရင် ဘယ့်နှယ်လုပ်မလဲ’

‘ဟုတ်တယ်၊ သေနာကောင်၊ သုတ်ရမလား၊ လက်အိတ်နဲ့ ကိုင်တာကိုး’

ပြုံးက မျက်နှာရဲရဲနှင့် ထွန်းမျက်နှာကို လက်ကိုင်ပဝါနှင့် ပေါက်လိုက်သည် ။ ထွန်းကရယ်မောရင်း ပြုံးလက်ကိုင်ပဝါဖြင့် ချွေးသုတ်ပြီး ပြန်ပေါက်လိုက်သည် ။

‘မင်္ဂလာဆွမ်း ကျွေးဖို့ ကော ငွေလုံလောက်ရဲ့ လား’

‘လောက်ပါတယ်၊ ကောင်လေးကလည်း စုတယ်၊ ငယ်ကလည်း စက်ချုပ်ပြီး စုထားတယ်လေ၊ ကျောင်းမှ မနေတော့ဘဲ ပိုချုပ်နိုင်တာပေါ့’

ကုန်စုံဆိုင်မထွက်ဘဲ စာအုပ်အငှားဆိုင်ကိုသာ ညနေဘက် ပြုံးကျောင်းက ပြန်လာလျှင်ဖွင့်သည် ။ စာအုပ်ဆိုင်က အမြတ်နှင့် ပြုံးတို့ ထမင်းစားနိုင်သည် ။ ပြုံး ကျောင်းစရိတ်၊ ကားခ မုန့်ဖိုးပါ တစ်လ ငါးရာကို အန်တီမိက တစ်ခါတစ်ရံ ဦးလေးဘနှင့် လွှတ်ပို့ပေးတတ်သည် ။ ပြုံးက အကုန်မသုံး။ ပိုသမျှကို ဘဏ်၌ သွင်းထားလိုက်သည် ။ အန်တီမိပေးသောငွေသည် ပိုလျှံ၍ ပင် နေသည် ။ ငယ်ကိုတော့ စားမေးပွဲကျသည် နှင့် ဆက်မထောက်တော့။ အန်တီမိက ပညာရေးကို အားပေးတယ်။ ကြိုးစားသူကိုမှ ဂုဏ်ပြုချီးမြှင့်ချင်တယ်ဟု လည်း ခပ်ပြတ်ပြတ်ပြောခဲ့သည် ။ ငယ်ကလည်း ခပ်တင်းတင်းပင်။

‘ရပါတယ်၊ ငယ့်မှာ ခြေနဲ့ လက်နဲ့ ရှိတာပါ၊ သူများ ထောက်ပံ့တဲ့ ဘွဲ့လည်း မလိုချင်ပါဘူး’ဟု ပြန်ပက်ခဲ့သဖြင့် အန်တီမိပင်စိတ်ဆိုးကာ အိမ်ဘက်သို့ ခြေဦးမလှည့်ချေ။ တစ်ခါတစ်ရံ အမေ့အတွက် ဆေးစတ်စာများကို ဦးလေးဘနှင့် ပို့လွှတ်ခိုင်းတတ်သည် ။

ထိုကိစ္စနှင့် ပတ်သက်၍ ပြုံးနှင့် ငယ်ပင် စကားတစ်လ မပြောခဲ့ကြတော့။

‘ပြုံး’

‘ထွန်း’

‘ဘာတွေးနေတာလဲ’

‘ဒီလိုပဲပေါ့ဟာ၊ ဟိုရောက် ဒီရောက်ပေါ့၊ ငယ်တောင် ယောကျ်ားယူ

တော့မယ်၊ နင်ကော အတွဲတွေ သက်စေ့ထားပြီး ဘယ်သူနဲ့ ယူမှာ လဲ’

‘ဟတ်… ဟား… ဟား…’

ထွန်းက ဟက်ဟက်ပက်ပက် ရယ်လေသည် ။ ပြုံးက ထွန်းကိုနားမလည်စွာ ငေးလိုက်သည် ။ သူ့စကားထဲ ဘာများ အမှားပါသွားသလဲဟု စဉ်းစားသည် ။ မရ။

‘ဘာရယ်တာလဲ’

‘နင်မေးတာကို သဘောကျလို့ ၊ နင် တော်တော် နားလေးတာပဲ၊ ငါနဲ့ အနီးကပ် အမြဲရှိနေပြီး ငါ့အကြောင်း မသိတာ အံ့တယ်’

‘မသိပါဘူး နင်က အင်မတန်ရှုပ်တာ၊ ငါက ဘယ်လိုလုပ်လိုက်မိမှာ လဲ’

‘မမီရင်လည်း အေးအေးနေ၊ မှတ်ထား၊ ငါအတွဲထားတာ ယူဖို့ မဟုတ်ဘူး ၊ ဘယ်သူမှ ယူဖို့ တွဲတာ မဟုတ်ဘူး ၊ အပျော်တွဲတာ၊ မိန်းမလှလေးတွေနဲ့ တွဲတာ အသက်ရှည်ဆေးတစ်မျိုးပဲ၊ သူတို့ ရဲ့ ညုကလီးယားလေးတွေနဲ့ အစွမ်းကုန်မာယာပြတာကို ငါသဘောကျလို့ တွဲတာ၊ သူတို့ရဲ့ ညုကလီးယားဟာ ငါ့ကိုဘယ်ကြွေနိုင်ပါ့မလဲ၊ ရယ်စရာကောင်းတယ်
’

‘တော်စမ်းပါဟာ၊ မိန်းမတွေကို မစော်ကားနဲ့ ၊ ငါ့ကို စော်ကားတာနဲ့ အတူတူပဲ’

‘မဆိုင်ပါဘူး၊ နင်ကနင်၊ ဟိုဟာတွေက ဟိုဟာတွေပဲ’

‘ဟော… ငယ်တို့ ထင်တယ်၊ လာကြလေ’

ငယ်နှင့် သူ့အမျိုးသား အိမ်ရှေ့မှ နေ၍ သူတို့ ထံဝင်လာသည် ။ ပြုံး

က နေရာပေးလိုက်သည် ။

'ထိုင်ပါဦး မောင်စံမြင့်'

ပြုံးနှင့် လပိုင်းလောက်သာ ငယ်သော်လည်း ပြုံးက အစ်မကြီးလေသံနှင့် ခေါ်ဝေါ်သုံးစွဲခဲ့သည် ။

'ဟုတ်ကဲ့'

'လက်ဖက်စားပါဦး၊ စောစောကတင် တို့ က မင်းအတွက် တိုင်ပင်နေတာ'

မောင်စံမြင့်မျက်နှာက မျှော်လင့်ချက်ရောင်ခြည် သန်းသွားသည် ။ ငယ်က ပြုံးကို အံ့အားသင့်စွာကြည့်ရင်းမှ ထွန်းကိုရှက်ပြုံးနှင့် ငဲ့စောင်းကြည့်ပြီး သဘောပေါက်သလိုလို ရှိသည် ။

မနေ့က ရုပ်ရှင်ရုံမှာ ကိုဝေယံထွန်းတို့ အတွဲနှင့် သွားတိုးခဲ့သည် ။ သူတို့ ကဲတာကို ကိုဝေယံထွန်းမြင်သွားပြီလားဟု မလုံမလဲဖြစ်ခဲ့သည် ၊ အစ်မကိုပြန်တိုင်သည် လို့ လည်း သဘောပေါက်ပါသည် ။ သိပ်တော့မမှုချေ။ နားခိုစရာရင်ခွင် ရှိနေပြီပဲ။

'ရွှေလထဲမှာ မင်းတို့ ကိစ္စ ဖြစ်အောင်စီစဉ်ကြတော့၊ အိမ်ကတော့ ထွန်းအကူအညီနဲ့ ဒီအိမ်ကိုပဲ အဖိုထုတ်ပြီး အိမ်ခန်းကန့်ပေးမယ်လေ'

'ဟာ… ကျေးဇူးတင်ပါတယ် မမပြုံး'

မောင်စံမြင့်က ပြုံးကိုငယ်ကဲ့သို့ပင် မမပြုံးဟု ခေါ်သည် ။

'ငါ့ကျေးဇူးမတင်ပါနဲ့ ၊ ထွန်းကိုသာတင်၊ သူက နင်တို့ အတွဲကို အတွဲချင်းစာနာပြီး နင်တို့ ဘက်က အခမဲ့ ရှေ့နေ့လာလိုက်ပြီး ငါ့ကို နားချတယ်လေ၊ ငါက သဘောတူပြီးသားပါ၊ ဒါပေမဲ့ အိမ်ကကျဉ်းကျဉ်း အိမ်ခန်း

က မရှိနဲ့ စိတ်ညစ်နေတာ၊ ထွန်းက စီစဉ်ပေးမယ်ဆိုတော့ ပြတ်တာပေါ့၊ လက်ထပ်ဖို့ ကတော့ ငယ်ကဘာဖြစ်ချင်သလဲ’

‘ငယ်ကတော့ မောင့်သဘော အတိုင်းပဲ၊ ရုံးမှာ လက်မှတ်ထိုး၊ အိမ်မှာ ဆွမ်းကျွေးလောက်ပဲ လုပ်ချင်တယ်’

‘ကောင်းပါတယ်၊ အိမ်ထောင်တစ်ခုမှာ အရေးကြီးဆုံး မေတ္တာနဲ့ သစ္စာတရားပါ၊ မမပြုံးလည်း သဘောကျပါတယ်၊ ငယ်တို့ စိတ်တိုင်းကျ ဖြစ်ရမှာ ပေါ့၊ တစ်ခုတော့ မှာ ချင်တယ်၊ မမတို့ ခွင့်ပြုပြီးပြီပဲ၊ ရှေ့လဆိုရင် လက်ထပ်ရတော့မှာ ၊ ဟို... ဒီချိန်းမတွေ့ကြပါနဲ့ တော့ကွယ်၊ ဒီကိုပဲ မောင်စံမြင့်လာတိုင်ပင်ပြီး။ လိုအပ်တာတွေ ဆောင်ရွက်ကြပါ၊ မမက ဒီကိစ္စမျိုးတော့ မကျွမ်းကျင်တော့ ဘာမှ မကူညီတတ်ဘူး၊ မောင်စံမြင့်ပဲ ဦးစီးလုပ်ပေါ့’

‘ကိုကိုထွန်းလည်း ကူညီမှာ ပေါ့ငယ်’

‘အားပါး၊ ကျေးဇူးတင်လိုက်တာ၊ တကယ်ပါ’

ငယ်က ပြုံးကိုထဖက်ကာ ပါးကို တစ်ချက် နမ်းရှုပ်လိုက်သဖြင့် ပြုံးမျက်နှာ ရဲရဲနီကာ ရှက်သွေးဖြာသွားသည် ။ ထွန်းကို မလုံမလဲကြည့်လိုက်သည် ။ ထွန်းက သူ့ကို မမှိတ်မသုန်စိုက်ကြည့်နေသဖြင့် ကပျာကသီ မျက်လွှာချကာ ငယ်အားတွန်းဖယ်လျှက်...

‘ဖယ်စမ်းပါ၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ငါမေမေ့ကို သွားပြောလိုက်ဦးမယ်’

ရှက်ကိုးရှက်ကန်းဖြင့် အိမ်ရှေ့ဘေးမှ ဆန်ပြာနေသော မိခင်ထံ ပြေးထွက်ခဲ့သည် ။ သူ့နောက်ပါးက ထွန်းပါလာသည် ။

‘အားမကျဘူးလား ပြုံး’

‘ဘာလို့ အားကျရမှာ လဲ၊ ငါက တစ်သက်လုံး မယူဘူး’

‘စောင့်ကြည့်ရဦးမှာ ပေါ့လေ’

‘ကြည့်... ကြည့်... တစ်သက်လုံးကြည့်’

‘ကြည့်နေမှာ ပဲ၊ တစ်သက်လုံးကို မျက်လုံး ဒေါက်ထောက်ကြည့်နေမယ်၊ မှတ်ထားမိပြုံး’

ပြုံး၏ ခေါင်းကိုခေါက်ပြီး ထွန်းသည် ကားရှိရာသို့ထွက်သွားသည် ။ သူများ အတွဲ မင်္ဂလာကိစ္စကို ကူညီလိုက်ရသဖြင့် ထွန်းရင်ထဲ ပေါ့ပါးလန်းဆန်းသွားသည် ။ သူ့ချစ်ရေးကိစ္စကို ကူညီမည့် သူ အလိုအလျောက်ပေါ်လာလျှင် အဘယ်မျှကောင်းမည်နည်းဟု သူ တွေးလိုက်မိသည် ။ ပြုံးရှိရာသို့ လှမ်းကြည့်လိုက်သည် ။ ပြုံးက မိခင်ဘေးတွင် ထိုင်ကာ စပါးလုံးဝင်ကောက်ရင်း စကားတွတ်ထိုးနေသည် ။ သူ့ကို ငဲ့စောင်း၍ ပင်မကြည့်ပါချေ။ ကားကို ဝူးခနဲ မောင်းထွက်ခဲ့သည် ။ ရင်ထဲ၌ မခံချင်သကဲ့သို့ဖြစ်သွားသည် ။ အဘယ်ကြောင့် မှန်း သူ မစဉ်းစားတတ်ပါချေ။

***

‘ဟယ်... ပြုံး မလာစဖူး အလာထူးလှချည်လား၊ လာ... သမီး... လာ
’

ပြုံးကို အန်တီမိကမြင်လျှင်မြင်ချင်း ဝမ်းပန်းတသာ ဆီးကြိုလေသည် ။ ပြုံးသည် အန်တီမိကို မြင်လိုက်သည် နှင့် ရင်၌ ချမ်းမြေ့သွားသည်
။

‘ထွန်းကော အန်တီ’

'သွားပြီလေ'

'ဟင်...'

ပြုံးမှာ သူ့နားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည် ။ ထွန်း မိုးကုတ်သွားခြင်းကို ပြုံးကိုပင် လာနှုတ်ဆက်မသွားခြင်းအတွက် အံ့အားသင့်ကာ နုံးခွေသွားသည် ။

'ထွန်းက သမီးကိုလာ နှုတ်မဆက်သွားဘူးလား'

'ဟုတ်တယ်အန်တီ ထွန်းမလာဘူး၊ ဟိုအပတ်ကလာတော့ ဆွဲကြိုးနဲ့လက်စွပ်လာပေးတယ်၊ ပြုံးက ထွန်းပဲ သိမ်းထားပေးပါ၊ ငယ်တို့ စိုးတို့ သိလို့ မဖြစ်လို့ ပါလို့ တောင်းပန်ပြီး ပြန်ပေးတာ စိတ်ဆိုးသွားလားမသိဘူး'

'မထင်ပါဘူး၊ သူက ဒီလိုပဲ၊ ပြန်လာဦးမှာ ပါ၊ လှကော နေကောင်းရဲ့လား'

'သက်သာပါတယ်အန်တီ၊ ဒါပေမဲ့ အမေက စိတ်လည်း ပါတယ်၊ စိုးလိမ္မာနေတဲ့ အချိန်ဆို သူလည်း ကောင်းနေတာပဲ၊ စိုးနည်းနည်းသောင်းကျန်းရင် သူပါ ဖြစ်တော့တာပဲ'

အေးကွယ်... အန်တီလည်း မင်းအန်ကယ်က ရောက်တော့မှာ ဆိုတော့ အားတော့မှာ မဟုတ်ဘူး ၊ လှကို လာမတွေ့နိုင်ရင် တခြားထင်မနေကြနဲ့ နော်'

'မထင်ပါဘူးအန်တီ၊ ထွန်းက သမီးကို ဘာမှာ သွားသေးသလဲ သိချင်လို့ ပါ'

'ဘာကိုမှ မမှာ သွားဘူး၊ သမီးတို့ ချင်း ဘာများ မပြေမလည်ဖြစ်သွားကြသလဲ၊ သားမျက်နှာတော့ မကောင်းဘူး'

'သူက သမီးကိုအလည်လိုက်ခဲ့ဖို့ ခေါ်တယ်၊ သမီးမလိုက်တာတော့ စိတ်ဆိုးသွားတယ်ထင်တယ်၊ အန်တီစဉ်းစားကြည့်လေ၊ အမေက စိတ်ချရတဲ့ အနေအထား မဟုတ်ဘူး ၊ ငယ်ကလည်း ကိုယ်ဝန်နဲ့ ၊ သမီး ဒီမိသားစုကို ပစ်သွားလို့ ရမလား'

ပြုံးက စိတ်ထဲ၌ ထွန်းအတွက် စိတ်ထိခိုက်လျက်ရှိသည် ။ အန်တီမိက ပြုံးကို နားလည်စွာ ပြုံးပြရင်း-

'ထွန်းက မိသားစုပြဿနာကို သူဘာသိမှာ လဲကွယ်၊ ငယ်ဗိုက်က ငယ့်ယောကျ်ားရှိတယ်၊ လုဖျားတာ သူ့သားစိုး ရှိတယ်၊ တစ်ခါတလေ ပြုံးမရှိမှ သူတို့ မောင်နှမ တာဝန်သိမှာ တဲ့ လေ၊ ထွန်းက အန်တီ့ကိုပြောဖူးတယ်၊ အန်တီလည်း အမှုမဲ့အမှတ်မဲ့ပဲ၊ သူမကျေနပ်တာမသိဘူး'

ပြုံးက ထွန်းစိတ်ကိုနားလည်ကာ မချိပြုံးနှင့် ပြုံးလိုက်သည် ။

'ထွန်းက သမီးကို တစ်ခါတလေ နားစေချင်လို့ ဖြစ်မှာ ပါ၊ အန်တီကျတော့ သမီးအန်ကယ်နဲ့ ထည့်ပေးလိုက်မယ်ဆိုပြီး ရည်ရွယ်ထားတာ၊ ဒါပေမဲ့ သူ့ဆန္ဒကို သမီးကမလိုက်လျောတော့ စိတ်ဆိုးသွားတာ ဖြစ်မှာ ပါ'

'ပြုံး စာရေးလိုက်မယ်'

'အဲ- မရေးနဲ့ ဖုန်းဆက်၊ အန်တီခေါ်ပေးမယ်'

ပြုံးက တားဆီးဟန် ပြင်လိုက်ပြီးမှ မတားဆီးတော့ဘဲ ကြည့်နေလိုက်သည် ။ အန်တီမိက ခေါ်ထားပြီး-

'လာ... ပြုံး တစ်ခုခုစားကြရအောင်'

'သမီး ထမင်းစားခဲ့ပါပြီ'

'နေ့လယ်စာပေါ့ကွယ်၊ ကော်ဖီသောက်ပြီး မုန့်စားတာပေါ့၊ လာ...

သမီးက ကော်ဖီကြိုက်တယ်လို့ ထွန်းပြောလို့ အန်တီမှတ်ထားတာ’

ပြုံးမငြင်းသာတော့ သူ့အပေါ် အမြဲဂရုတစိုက်ရှိသော ထွန်းတို့ မိသားစုကို ပြုံးအားနာစွာဖြင့်...

‘ပြုံးဖျော်မယ်လေ- အန်တီ’

‘အေး... အေး၊ အန်တီ ကိတ် လှီးလိုက်ဦးမယ်’

‘မဆိုးဘူး၊ ဒါကြောင့် သားက ပြုံးလက်ရာဟာ ဘယ်သူ့လက်ရာနဲ့ မှ မတူဘူးလို့ အမြဲပြောတာ’

ပြုံးဖျော်ပေးသော ကော်ဖီကိုသောက်ရင်း အန်တီမိက ကောက်ချက်ချသဖြင့် ပြုံးရင်ထဲ ပီတိ ဖြာသွားရသည် ။ ဟိုတယ်များမှာ စားသောက်တိုင်း ထွန်းအတွက် ကော်ဖီကို ပြုံး ဖျော်ပေးနေကျဖြစ်သည် ။ ထိုသို့ မသွားလာခဲ့သည် မှာ တောင် တော်တော် ကြာသွားခဲ့ပါပြီ၊ သို့သော်... ထွန်းရင်မှာ အသစ်ဖြစ်နေဆဲ ထင်ပါသည် ။ ပြုံးရင်မှာ တော့ ထွန်းနှင့် ပတ်သက်၍ အားလုံးသည် သစ်ပြီးရင်း သစ်နေဆဲဖြစ်သည် ။

‘ပြုံးကျောင်းလခ လောက်ရဲ့ လားကွယ်’

‘လောက်ပါတယ်၊ ပိုတောင်ပိုတယ်၊ ပိုတာတွေ ဘဏ်မှာ သွင်းထားတယ်၊ မေမေ့အတွက် ဆေးဖိုးဝါးခလိုရင် ထုတ်သုံးရအောင်လို့ ပါ’

‘သာဓု... သာဓု... သာဓုကွယ်၊ သမီးအလိမ္မာကို လှတို့ မွေးရကျိုးနပ်ပါပေတယ်၊ ဒါပေမဲ့ မသုံးဘဲမနေပါနဲ့ သမီးရယ်၊ လောက်လောက်ငငသုံးပါ၊ အဝတ်အစားတွေ ဘာတွေ ဝယ်ဝတ်ပေါ့’

‘အဝတ်အစားက သန့်ရှင်းသေသပ်လုံခြုံရင် ပြီးတာပါပဲ အန်တီ၊ ပြုံးအတွက် ပညာသာ အဓိကဖြစ်နေလို့ ပါ’

အန်တီမိ၏ ကျေနပ်သော အပြုံးနှင့် အကြည့်သည် ပြုံးရင်ကို နွေးထွေးစေသည် ။ အန်တီမိသည် အသက်လေးဆယ့်ရှစ်နှစ်ရှိပြီ။ အမေနှင့် အရွယ်တူဖြစ်သော်လည်း နုပျိုတောင့်တင်းလှပနေဆဲဖြစ်သည် ။ ဗိုလ်ချုပ်ဈေး၌ ကျောက်မျက်ရတနာဆိုင် ဖွင့်ထားသည် ။ သူကိုယ်တိုင်လည်း ထိုင်သည် ။

ကလင် - ကလင် - ကလင် -

'ဟော - လာပြီထင်တယ်'

အန်တီမိက ပေ့ါပါးစွာ တယ်လီဖုန်းထားရာသို့ ပြေးထွက်သွားသည် ။ ပြုံးက တဒိတ်ဒိတ်ခုန်သောရင်ကို စိတ်ဖြင့် အားတင်းဆုံးမပြီး အန်တီမိနောက်ပါးမှ လိုက်ခဲ့သည် ။

'ဟယ်လို... ဟုတ်ပါတယ် မိပါ... မောင်လား... မောင်... သားကော'

အန်တီမိ စကားပြောနေသည် ကို မဝံ့မရဲ နားထောင်နေမိသည် ။

'သားကို ခေါ်ပေးစမ်းပါဦး မောင်ရယ်၊ တော်သေးတယ် မိက ကျောက်တွင်းများ သွားနေကြသလားလို့ '

'... ... ... ...'

'သား နေမကောင်းဘူးလား'

'... ... ... ...'

'တော်ပါသေးရဲ့ ၊ မိလိုက်ခဲ့ရမလား'

'... ... ... ...'

'ဆရာဝန်ကို ပင့်မှ ပေ့ါမောင်ရဲ့ '

'... ... ... ...'

'သားလား... မေမေပါ၊ နေမကောင်းဘူးဆို'

'... ... ... ...'

'သားနဲ့ စကားပြောချင်လို့ တဲ့ ၊ ကိုင်ထား'

ပြုံးလက်သို့ စကားပြောခွက် ရောက်လာသည် ။ အန်တီမိက မလှမ်းမကမ်းသို့ ရှောင်ထွက်သွားသည် ။

'ထွန်း'

'ပြုံး...'

ထွန်းအသံကို ကြားရသည် နှင့် သူ့ရင်၌ လှိုက်ဖို ဝမ်းနည်းသွားသည် ။

'ထွန်း ပြုံးကို ဘာကြောင့် နှုတ်မဆက်တာလဲ'

'နှုတ်မဆက်ချင်ပါဘူး၊ နှုတ်ဆက်တယ်ဆိုတာ ခွဲခွာခြင်းရဲ့ ရှေ့ပြေးနိမိတ်ပဲ ပြုံးရဲ့ ၊ ဒါကြောင့် ထွန်း နှုတ်မဆက်တာ'

'ပြုံးကို စိတ်ဆိုးနေသလား'

'မဆိုးပါဘူး၊ ဘာလို့ ဆိုးရမှာ လဲ၊ ငါက အလိုက်ကန်းဆိုးမသိသူများ မိသားစုကြား ဝင်ရှုပ်မိတာကိုပဲ စိတ်မကောင်းတောင် ဖြစ်ရသေးတယ်'

'ထွန်း တစ်ခါမှ မရှုပ်ပါဘူး၊ ပြုံးကို အမြဲကူညီနေတာပဲ ထွန်းက အဲဒီလို နှုတ်မဆက်ဘဲသွားတော့ ပြုံး ဘယ်စိတ်ကောင်းမလဲ'

'နှုတ်မဆက်တာ ခုန ပြောပြီးပြီကွာ'

'နေမကောင်းဘူးဆို'

‘ဟုတ်တယ်၊ ဒါပေမဲ့… ခုတော့ ကောင်းသွားပြီ’

‘ဟင်’

‘နင့်အသံ ကြားလိုက်ရလို့ လေ’

‘ဟွန့်’

ပြုံးရင်ထဲ ကသောင်းကနင်း ဖြစ်သွားသည်။

‘ဟုတ်တယ်၊ လူနာဆိုတာ ဆရာဝန်မပြောနဲ့ ဆရာဝန်လောင်းမလေးရဲ့ အသံကြားရတာနဲ့ ကို အဖျားက ကြက်ပျောက်ငှက်ပျောက်ကို ပျောက်သွားတာ၊ တကယ်ပြုံးရာ၊ နင့်ကိုလွမ်းလို့ ထင်တယ်၊ ဒီရောက်တာနဲ့ ဖျားတာပဲ’

‘ပိုလိုက်တာ’

‘နင် ဘယ်တော့ လိုက်လာမလဲ’

‘ဘယ်ကိုလဲ’

‘ဒီကိုပေါ့’

‘ဆ-မ လက်မှတ်ရပြီးရင် လာလည်မယ်လေ’

‘ဟူး… ကဲပါ နင့်သဘော၊ ငါ့ဆီ ဖုန်းလည်း မဆက်နဲ့ ၊ စာလည်း မရေးနဲ့ ၊ လူကိုယ်တိုင်ပဲ လာနိုင်အောင်ကြိုးစား၊ ငါက စာရေးဝါသနာမပါဘူး’

‘အေးပါ ထွန်း’

‘ပြော’

‘နင် ဘာဆေးသောက်ပြီးပြီလဲ၊ ဆရာဝန်နဲ့ ကော ပြပြီးပြီလား’

‘ဆေးမလိုဘူး၊ လွမ်းဖျားပါလို့ ပြောပြီးပြီပဲ၊ နင်ကော ငါ့ကိုမလွမ်းဘူးလား’

‘လွမ်းရအောင် နင်သွားမှန်းတောင် ငါက ဒီရောက်မှ သိတာ’

‘ကောင်းကွာ၊ ဒါပဲလား... ချလိုက်တော့မယ်’

ဂျလောက်...

‘ထွန်း’

ထွန်းထံမှ ဖုန်းအလျင် ချသွားသဖြင့် ပြုံးရင်ထဲ ဟာခနဲ ကျန်ခဲ့သည် ။ ဖုန်းခွက်ကို ညင်သာစွာချလိုက်သည် ။

‘ဘယ့်နှယ်လဲ၊ စိတ်ဆိုးပြေသွားပြီလား’

‘ဟုတ်ကဲ့’

အန်တီမိနှင့် အလာပသလ္လာပ ဆက်ပြောနေရသော်လည်း စိတ်ကား ထွန်းထံလွင့်ပါးနေသည် ။ ထွန်းစကားတို့ သည် တစ်ခါတစ်ရံ ဝေ့လည်လည်နှင့် ပြတ်ပြတ်သားသား တွေးထင်၍ မရပေ။

‘သမီး ပြန်တော့မယ်’

‘အန်တီလိုက်ပို့မယ်။ လှအတွက် မော်လမြိုင်ဘက်ကလာတဲ့ ကျွဲကောသီးတွေ ပေးချင်နေတာနဲ့ အတော်ပဲ၊ လိုက်ဦးမယ်’

အန်တီ၏ ဂဲလင့်ဆလွန်းကားထဲ၌ ရှောင်လွဲ၍ မရနိုင်သော မေးခွန်းတစ်ခုကြောင့် ပြုံး စိတ်ညစ်ရသည် ။

‘သမီးနဲ့ သား အခြေအနေက ဘယ်လိုလဲ’

‘ရှင်...’

‘သြော်… သူငယ်ချင်းအဆင့်ထက် ပိုကြပြီလားလို့ ’

‘ထွန်းကို မမေးကြည့်ဘူးလား သမီး’

‘သားကိုမေးတော့လည်း ပြုံးကိုမေးတဲ့ လေ’

ပြုံး ငိုချင်သွားသည် ။ အန်တီမိ၏ မေးခွန်းနောက်ဆက်တွဲများကို မတွေးရဲပါ။

‘ပြုံးနဲ့ ထွန်းဟာ သူငယ်ချင်းအချစ်ရော မောင်နှမ အချစ်ရောကိုပါ ပိုင်ဆိုင်ထားပါတယ် အန်တီ၊ ဒီထက်ပိုမယ် မထင်တော့ပါဘူး’

အန်တီမိက ပြုံးလိုက်သည် ။

‘ဆောရီး သမီးရယ်၊ ဒီကိစ္စမျိုးဟာ သမီးကို မမေးသင့်ဘူး၊ အင်းလေ … သမီးကျောင်းပြီးဖို့ က တစ်နှစ်ကျော်ကျော်ကျန်သေးတာပဲ၊ ဒီကြားထဲက ပြောင်းလဲ လာကြဦးမှာ ပေါ့’

အန်တီမိ စကားဆိုလိုရင်းကို ပြုံးနားမလည်။ သို့သော် ထွန်းက မပြောင်းလဲလျှင် ပြုံးကပြောင်းလဲ၍ မရနိုင်။ မေတ္တာကို အရောင်ဆိုးရန် ယောက်ျားများက စတင်မှ ဖြစ်နိုင်ပေမည်။ မိန်းကလေးများ အနေဖြင့် မျှော်လင့်ခြင်းကလွဲပြီး ဘာများ တက်နိုင်ဦးမှာ လဲ။ ပြုံးက နာကြည်းစွာ တွေးလိုက်မိသည် ။ ထွန်းအပေါ် မကျေနပ်သောစိတ် ပထမဦးဆုံး စတင်ဝင်ရောက် ခံစားလိုက်ရသည် ။

***